# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၂)ရက် ၊ တနင်္ဂနွေနေ့ ၊ (24-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၁၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Balls)များ ကြဲချစိုက်ပျိုး



နေပြည်တော်  ဩဂုတ်  ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်းရှိ လွှဘုံကြိုးဝိုင်းအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်းရှိ အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောတို့အတွင်းရှိ တောနိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသောတောင်ကုန်းများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများကြဲချခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်း လွှဘုံကြိုးဝိုင်းအကွက်အမှတ်(၂၀)ရှိ ဧရိယာ ၁၀ ဒသမ ၄ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားငါးမျိုးဖြစ်သည့် မြန်မာကုက္ကို၊ စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်းသစ်စေ့များဖြင့် ပြုလုပ်ထားသောသစ်စေ့မြေလုံးစုစုပေါင်း ၁၀၀၀၀၀ ကြဲချခြင်းအခမ်းအနားသို့

စာမျက်နှာ ၁၆ ကော်လံ ၁

## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော်  ဩဂုတ်  ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း ကဂျိကိ (Kajiki)သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင်

စာမျက်နှာ ၁၉ ကော်လံ ၄




ရတနာပုံ

၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်

အယ်ဒီတာအာဘော်

# တော်သလင်းလနှင့် ဂရုဓမ္မမြတ်သီလ

တော်သလင်းလသည် မြန်မာပြက္ခဒိန်တွင် ခြောက်လမြောက်ဖြစ်ပြီး ရာသီအမည်မှာ ကန်၊ ရာသီရုပ်မှာ လှေစီးသတို့သမီး၊ ရာသီပန်းမှာ ရင်းမာပန်း၊ ရာသီပွဲမှာ လှေပြိုင်ပွဲဖြစ်ပြီး စန်းယှဉ်နက္ခတ်မှာ ဘဒြပိုဒ်ဖြစ်သည်။ တော်သလင်းလကို ဂရုဓမ္မအခါတော်လ၊ သစ်ဆင်းလဟုလည်း သတ်မှတ်ခေါ်ဝေါ်ကြသည်။

တော်သလင်းလတွင် မြစ်ရေပြင်သည် မိုး၊ လေ၊ မုန်တိုင်း၊ လှိုင်းမထန်တော့ဘဲ သာယာကြည်နူးဖွယ်ရာသီအခါသမယဖြစ်သည်နှင့်အညီ သစ်ဆင်းပွဲ၊ လှေပြိုင်ပွဲများကို ကျင်းပခဲ့ကြသည်။ တော်သလင်းလတွင် ရေစီးရေလာကောင်းမွန်သောကြောင့် အထက်အညာတစ်ခွင်မှ သစ်ဖောင်၊ ဝါးဖောင်များကို အောက်အရပ်သို့ စုန်ဆင်းမျှောကြခြင်း၊ မြစ်ကမ်းဘေးတွင် စိုက်ထူထားသော လေးတိုင်စင်အမြင့်များပေါ်မှ အောက်ရှိမြစ်ရေပြင်သို့ အားကစားသဘောမျိုးကခုန်ဆင်းကြခြင်းများကြောင့် သစ်ဆင်းပွဲဟု သတ်မှတ်ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ တော်သလင်းလတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်ရေပြင်များ၌ မြန်မာ့ရိုးရာလှေပြိုင်ပွဲများကို ရှေးမင်းအဆက်ဆက်ကတည်းက နှစ်စဉ်ကျင်းပ၍ ဘုရင်မင်းမြတ်ကိုယ်တိုင်ကြွရောက်ရှုစားတော်မူလေ့ရှိသည်။ လှေလှော်အသင်းတို့ကို ဆုတော်လာဘ်တော်များလည်း ချီးမြှင့်လေ့ရှိသည်။ တော်သလင်းလတွင် လောကီရေးရာပွဲများသာမက လောကုတ္တရာနှင့်ပတ်သက်၍ ဂရုဓမ္မအခါတော်နေ့ကို သတ်မှတ်ပူဇော်ကြသည်။

မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါက ကုရုတိုင်းတွင် မင်းကြီးမှစ၍ မယ်တော်ကြီး၊ မိဖုရားကြီး၊ အိမ်ရှေ့မင်းသား၊ ပုရောဟိတ်ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေး၊ တင်းခြင်အမတ်၊ တံခါးစောင့်တပ်မှူးနှင့် ပြည့်တန်ဆာမတို့သည် ဂရုဓမ္မငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းခဲ့ကြသည်။ တိုင်းပြည်သည်လည်း သဘာဝဘေးအန္တရာယ်များကင်းဝေးပြီး မိုးလေဝသမှန်ကန်ကာ ဆန်ရေစပါးပေါများ၍ အေးချမ်းသာယာဝပြောခဲ့သည်။ ဂရုဓမ္မငါးပါးသီလဖြစ်သော သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ် ခြင်း၊ သူတစ်ပါးအိမ်ရာပစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း၊ လိမ်ညာပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊ သေရည်အရက်သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို လူတိုင်းအမြဲရှောင်ကြဉ်ကြသည်။ ကုရုတိုင်းသူပြည်သားများ အမြဲမပြတ်စောင့်ထိန်းကြသော ငါးပါးသီလကို အကြောင်းပြု၍ တော်သလင်းလပြည့်နေ့ကို သူတော်ကောင်းများ အလေးဂရုပြုကျင့်သုံးဆောက်တည်ကြသော ကုရုဓမ္မမှ ဂရုဓမ္မအခါတော်နေ့ဟု ဗုဒ္ဓဘာသာဝင်များက မှတ်ယူကြသည်။

လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်သီလရှိခြင်း၊ မရှိခြင်း၊ အရည်အချင်းရှိခြင်း၊ မရှိခြင်းစသည် ပင်ကိုစရိုက်လက္ခဏာတို့အပေါ်မူတည်၍ လူတစ်ဦး၏အဆင့်အတန်းကို သတ်မှတ်ကြသည့်အတွက် ကိုယ်ကျင့်သီလတရားသည် လူတစ်ဦးချင်းစီအတွက် အဓိကအရေးပါလှပေသည်။ ထိုသို့ ကိုယ်ကျင့်သီလကောင်းမွန်ရေးအတွက် အခြေခံကျသည့် ဂရုဓမ္မဟူသော ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းလိုက်နာကာ လုံခြုံအောင် ထိန်းသိမ်းခြင်းဖြင့် ယခုဘဝတွင်သာမက နောင်သံသရာဘဝများထိပါ ကောင်းကျိုးချမ်းသာများ ခံစားကြရမည်ဖြစ်ပေသည်။ ထို့ကြောင့် လူတိုင်းလူတိုင်း ဂရုဓမ္မဟူသော ငါးပါးသီလကို တော်သလင်းလ ဂရုဓမ္မအခါတော်လတွင်သာမက အစဉ်အမြဲစောင့်ထိန်းခြင်းဖြင့် သီလ၏ဂုဏ်ကျေးဇူးများရရှိကာ ချမ်းသာမှုအဖြာဖြာကို ခံစားကြရမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်မြတ် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မန္တလေး ဩဂုတ် ၂၃

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မဟာမုနိရုပ်ရှင်တော်မြတ်နှင့် ဘုရားပရဝဏ်အတွင်းရှိ သာသနိက အဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးဆုံးရှုံးခဲ့မှုဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းက မဟာမုနိရုပ်ရှင်တော်မြတ်ပရဝဏ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မဟာမုနိရုပ်ရှင်တော်မြတ် ပြန်လည်ပြုပြင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဗိသုကာပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မဟာမုနိရုပ်ရှင်တော်မြတ် ပြန်လည်ပြုပြင်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများကို ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း၊ ရှေးမူမပျက်ပြန်လည်ပြင်ဆင်ခြင်းကို အကောင်းဆုံးဖြစ်စေရေးနှင့် မြေငလျင်ဒဏ် ခံနိုင်မှုရှိစေရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဝင်များနှင့် ပညာရှင်များဖြင့် ဝိုင်းဝန်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များကို အလေးထားကာ စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ မျိုးကျော်

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရွှေရည်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို ညောင်တုန်းမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ တစ်လအတွင်းက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ပြန်လည်ဝယ်ယူတာများလာပါတယ်။ ဒေသထွက် ဗိုလ်ကိတ်ပဲတွေကို ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့တာများလာတော့ ပွဲရုံပိုင်ရှင်တွေအပြင် လုပ်သားတွေပါ လုပ်ငန်းအဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရွှေရည်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ ဝယ်ယူမှုကောင်းလာခြင်းကြောင့် ပဲစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကလေးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၁၂၁ ဧက စိုက်ပျိုးမည်

ကလေး ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၁၂၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၁၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးသွားမှာပါ"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအထိမ်းအမှတ်မန္တလေးတိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲ ကျင်းပ



မန္တလေး ဩဂုတ် ၂၃

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ် အဖြစ် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု တန်ဖိုးသင့် အာဟာရ ချက်ပြုတ်ပြိုင်ပွဲဆုချီးမြှင့်ခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အကဲဖြတ်အမှတ်ပေးဒိုင်များ၊တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တန်ဖိုးသင့်အာဟာရ ချက်ပြုတ်ပြိုင်ပွဲဝင်များနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားကို အဆိုပါကျောင်းတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိမိစိုးနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များ၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဆုရရှိသည့် ခရိုင်အသင်းများအား ဆုများချီးမြှင့်ရာ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ပထမဆုရရှိသည့် ပြင်ဦးလွင်ခရိုင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆုရရှိသည့် အမရပူရခရိုင်အသင်း၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက တတိယဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများက အထူးဆုရရှိသည့် ခရိုင်အသင်းများကို ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို ကြက်ဥ၊ အိုင်အိုဒင်းဆားနှင့် အာဟာရ ဖြည့်စွက်စာများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# စဉ့်ကိုင်မြို့နယ် အရေးမဆိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

စဉ့်ကိုင် ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဝန်းသိုကျေးရွာအုပ်စု အရေးမဆိုကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အရေးမဆိုကျေးရွာ၌ သောက်သုံးရေအဆင်ပြေစွာ ရယူသုံးစွဲနိုင်ရန် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သောက်သုံးရေစနစ်တကျသုံးစွဲရေးနှင့် ရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့ကောင်းမွန်အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အရေးမဆိုကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေစနစ်တကျ သုံးစွဲနိုင်ရန်အတွက် အရှည် ပေ ၅၂၈၀ ရှိ နှစ်လက်မ PVC ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ယူ၍ ယခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မလှိုင်မြို့နယ် ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

မလှိုင် ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၂၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်းဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားအသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျပ်ဆည်ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ၁၄ ဒသမ ၂သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၄ ဒသမ ၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၃ ဦးကို ရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၂၁ ကေစိုက်ပျိုးပြီးစီး

မလှိုင် ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၂၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၆၄၉၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဖူးစားပြောင်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့အတွက် အသိပညာ ပေးဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း၊ စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေးလုပ်ငန်းသုံး အစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၇၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ စပါးသစ်ပေါ်တာ နည်းနေသေးတော့ ဖွဲနုလဲအထွက်နည်းနေပါတယ်။ လက်ရှိလထဲမှာလဲ ဖွဲနုအိတ်တွေ ရန်ကုန်ဘက်ကနေ ဝယ်ယူအား များနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်ကနေ အခုလို ဖွဲနုအိတ်တွေ ဝယ်ယူအားကောင်းလာတာပါ။ ဝယ်ယူအားကောင်းလာတော့ လယ်သမားတွေ၊ စက်သမားတွေအတွက် အလုပ်အကိုင်တွေ အဆင်ပြေလည်ပတ်ရတာပေါ့"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသမွေးမြူရေးလုပ်ငန်းရှင်များက ပုံမှန်ဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဖွဲနုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အစွန်းနှစ်ဖက်လွတ်သော Golden Mean

မျိုးသူ(ကုန်သွယ်မြှင့်)

အစွန်းနှစ်ဖက်ကြားတွင် အကောင်းဆုံး မျှတသော အလယ်အလတ်အခြေအနေ Golden Mean ဟူ၍ရှိသည်။ Golden Mean ကို ရွှေအလယ်အလတ်လမ်းစဉ် တစ်နည်းအားဖြင့် မှန်ကန်သော အလယ်အလတ်လမ်းစဉ်ဟု ခေါ်သည်။ ထို့ပြင် အတွေးအခေါ်ပညာရှင် အရစ္စတိုတယ်က မည်သည့်အချိန်တွင် မည်သည့်အရာကို မည်သို့လုပ်ကိုင်ရမည်ကို သိရှိခြင်းသည် ဉာဏ်ပညာဖြစ်သည်ဟုလည်း ဆိုသည်။ ထိုဉာဏ်ပညာ သို့မဟုတ် ဆင်ခြင်တုံတရားဖြင့် ရွေ့လျားနေသည့် မျှတခြင်း Golden Mean ကို ရှာဖွေနိုင်သည်ဟု ဆိုထားသည်။ ဤနေရာတွင် မျှတမှုသည် ပျမ်းမျှယူခြင်း မဟုတ်ပါ။ အန္တရာယ်ရှိသော အစွန်းနှစ်ဖက်ကိုရှောင်ရှားပြီး အမှန်အတိုင်းဆောင်ရွက်ခြင်းဖြစ်သည်ဟုဆိုသည်။ Golden Mean သည် အလွန်အမင်းဖြစ်ခြင်းနှင့် အနိမ့်ဆုံးဖြစ်ခြင်းကြားရှိ အကောင်းဆုံးဖြစ်သည့် အလယ်မှမျှတသည့်နေရာတစ်ခု ဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လည်းကောင်း၊ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများတွင် လည်းကောင်း၊ ကုန်ဈေးနှုန်းသတ်မှတ်သည့် ကိစ္စများတွင်လည်းကောင်း၊ ဖောက်သည်နှင့် ဆက်ဆံရေးကိစ္စများတွင် လည်းကောင်း၊ အနာဂတ်စီမံကိန်းများ မဟာဗျူဟာကိစ္စများတွင်လည်းကောင်း အသုံးပြုနိုင်သည်။ ခေါင်းဆောင်မှုပြုရာတွင် နည်းလမ်းကျသော မျှတသော အလယ်အလတ် ရွေးချယ်ဆုံးဖြတ်မှုသည် အလွန်အရေးကြီးသည်။ ဆုံးဖြတ်မှုတွင် ဘက်လိုက်သည့်အဖြစ်ကိုရောက်စေသည့် အစွန်းနှစ်ဖက်ကို ရှောင်ပြီး သမာသမတ်ကျကျ မျှမျှတတ အမှန်အတိုင်း ဆုံးဖြတ်နိုင်ရန် အထူးလိုအပ်သည်။ ထိုသို့ မှန်ကန်မျှတသော ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် စဉ်းစားချင့်ချိန်နိုင်စွမ်းသည်လည်း အရေးပါသည်။ အတွေးအခေါ်ပညာရှင် အရစ္စတိုတယ်သည် ဗုဒ္ဓ၏နောက် နှစ်ပေါင်း ၁၀၀ ကျော်မှ မွေးဖွားလာသည့် တွေးခေါ်ပညာရှင် တစ်ယောက်ဖြစ်သဖြင့် ယခု Golden Mean အယူအဆသည် ဗုဒ္ဓဘာသာကိုလေ့လာပြီး ပေါ်လာသည့်အယူအဆ တစ်ခုဖြစ်နေနိုင်သည်ဟုပင် တွေးမိသည်။ သို့သော် မတူညီသည်မှာ ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါလမ်းစဉ်သည် မဂ္ဂင်ရှစ်ပါးအကျင့်တရားနှင့် ပတ်သက်သည့် အစွန်းတရားများကိုပယ်၍ မှန်ကန်သောလမ်းစဉ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်ဖြစ်ပြီး Golden Mean အယူအဆမှာ လူ့ကျင့်ဝတ်များတွင် အစွန်းနှစ်ခုကိုရှောင်၍ အလယ်အလတ် မှန်ကန်သောအလုပ်ကို လုပ်ရမည်ဟူသော လူ့ဘဝဒဿနအယူအဆ ဖြစ်သည်။ Golden Mean အယူအဆကို နေ့စဉ်ဘဝနှင့် ဆက်စပ်နေသော ကျွန်တော်တို့၏ စီးပွားရေးလုပ်ငန်းများတွင် ထည့်သွင်းသုံးစွဲကြည့်သင့်သည်ဟု ယူဆမိသည်။ ကျွန်တော်တို့သည် နေ့စဉ်ဘဝတွင် စိတ်အလိုကိုလိုက်ပြီး စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများတွင် အမှားအယွင်းများ လမ်းလွဲများကို ရောက်သွားတတ်ကြသည်။ အသိနှင့် သတိဝင်လာချိန်၊ မှန်ကန်သောလမ်းကြောင်းပေါ်သို့ ပြန်တည့်မတ်သည့်အခါ နောက်ကျသွားသည်များရှိသကဲ့သို့ လမ်းမှန်သွားသည်များ လည်းရှိကြသည်။ စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် လုံးဝမစွန့်စားခြင်းနှင့် အလွန်အကြူးစွန့်စားခြင်းဟူသော အစွန်းနှစ်ဖက်ကို ရှောင်ပြီး မှန်ကန်သော၊ စီမံခန့်ခွဲမှုပါဝင်သော စွန့်စားမှုများဖြင့် စီးပွားရေးကို တိုးတက်၊ တည်ဆောက်နိုင်ရန် ဤ Golden Mean လမ်းစဉ်ကို ကျင့်သုံးသင့်သည်။

**ခေါင်းဆောင်မှု**

စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်ရာတွင် မန်နေဂျာ သို့မဟုတ် ပိုင်ရှင်တို့သည် လုပ်ငန်း၏ ခေါင်းဆောင်များဖြစ်တတ်ကြသည်။ လုပ်ငန်းတစ်ခု အောင်မြင်ရေးတွင် ခေါင်းဆောင်၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည်။ ထို့အတူ ခေါင်းဆောင်သည်လည်း လုပ်ငန်းနှင့်လုပ်ငန်းတွင် ပါဝင်သော ဝန်ထမ်းနှင့် လုပ်သားများကိုအုပ်ချုပ်ရာတွင် မှန်ကန်သော၊ အစွန်းမထွက်သောလမ်းစဉ်ကို လျှောက်သွားနိုင်ရမည်။ ဆုံးဖြတ်နိုင်ရမည်။ မှန်ကန်၍ ဘက်မလိုက်သော ဆုံးဖြတ်ချက်ချနိုင်မှသာ လုပ်ငန်းအောင်မြင်မည်ဖြစ်သည်။ အစွန်းများ၊ ဘက်လိုက်မှုများ ပါဝင်နေလျှင် အောင်မြင်မှုနှေးခြင်း၊ အောင်မြင်မှုမရှိခြင်းနှင့် ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လာမည်။ ထို့ကြောင့် ခေါင်းဆောင်များသည် အတွေ့အကြုံများရမည်၊ ရိုးသားရမည်၊ ဖြောင့်မတ်ရမည်၊ ဘက်လိုက်မှု ကင်းရမည်ဟု ဆိုနိုင်သည်။ သို့မှသာ မှန်ကန်သော တွေးတောမှုကိုရရှိပြီး မှန်ကန်သော ဘက်မလိုက်ဘဲ အလယ်အလတ်ကျသောအလုပ်ကို လုပ်နိုင်မည်။ လုပ်ငန်းကိုအောင်မြင်အောင် ဆုံးဖြတ်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ခေါင်းဆောင်သည် မိမိလုပ်ငန်းနှင့် ပတ်သက်၍ ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ရမည်ဖြစ်ပြီး၊ ဆုံးဖြတ်ချက်များကိုလည်း မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရသည်။ ဆုံးဖြတ်ချက်မှန်ကန်ရေးသည် အထက်တွင်ဖော်ပြသကဲ့သို့ အစွန်းနှစ်ဖက်ကို ရှောင်နိုင်ရမည်။ ဥပမာအားဖြင့် ဈေးကွက်သစ်သို့ဝင်ရောက်ခြင်း၊ ဈေးနှုန်းအသစ်ပြောင်းရခြင်း စသည့်ကိစ္စမျိုးတွင် အစွန်းနှစ်ဖက်ကိုရှောင်ပြီး မှန်ကန်သော အခြေအနေနှင့် ဈေးကွက်ထိုးဖောက်ခြင်း၊ မကုန်သင့်သည်ကို မကုန်အောင်၊ သုံးသင့်သည်ကိုသုံးရန် ဆောင်ရွက်နိုင်ရမည်။ ဈေးနှုန်းပြောင်းလဲရသည့်အခါမျိုး အထူးသဖြင့် ဈေးနှုန်းတက်၍ ရောင်းရမည့်အခါမျိုးတွင် ဈေးနှုန်းတက်သင့်မသင့်ကို မှန်ကန်စွာ ချင့်ချိန်နိုင်ရန် များစွာလိုအပ်သည်။

**စီမံခန့်ခွဲမှု**

စီမံခန့်ခွဲမှုသည် လုပ်ငန်းတစ်ခုအတွက် နေ့စဉ်အချိန်နှင့်အမျှ ရင်ဆိုင်ရမည့်လုပ်ငန်းဖြစ်သည်။ နေ့စဉ်လုပ်ကိုင်နေသည့် ကိစ္စများတွင်ပင် စီမံခန့်ခွဲမှုကို လွှတ်ထား၍မရနိုင်ပါ။ ပုံမှန်မဟုတ်သော ကိစ္စများမှာ အသေးအကြီး ပြဿနာများ တွေ့ကြုံနေမည်ဖြစ်၍ မှန်ကန်သော အလယ်အလတ်ကျသော စီမံခန့်ခွဲမှုမျိုးနှင့် ဆုံးဖြတ်ချက်များသည် အမြဲလိုအပ်သည်။ ထိုအခြေအနေမျိုးကို မှန်ကန်စွာ ရွေးချယ်ရာတွင် မိမိဆုံးဖြတ်ချက်သည် အစွန်းနှစ်ဖက်ကိုလွတ်၍ မှန်ကန်သော ဘက်မလိုက်သော အခြေအနေဖြစ်ရန် လိုအပ်သည်။ စီမံခန့်ခွဲမှုသည် လုပ်ငန်းအပေါ် စီမံခန့်ခွဲခြင်းနှင့် ဝန်ထမ်းများ၊ လုပ်သားများအပေါ် စီမံခန့်ခွဲခြင်းတို့သည် တစ်ပြိုင်နက်ပါဝင်နေသည် ဖြစ်သည်။ ထို့ပြင် လုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းရှင်များအားလုံးနှင့်လည်း မှန်ကန်သော ဆက်ဆံမှုများရှိရန် လိုအပ်သည်။

**❖လက်ရှိအခြေအနေပေါ်တွင် လုပ်ငန်းအောင်မြင်ရေးအတွက် Golden Mean အယူအဆကို ကျင့်သုံးနိုင်သကဲ့သို့ အနာဂတ် မဟာဗျူဟာ၊ အနာဂတ်စီမံကိန်းများ ချမှတ်ရာတွင်လည်း Golden Mean အယူအဆကို ကျင့်သုံးချမှတ်သင့်သည်။ လက်ရှိ အခြေအနေပေါ်တွင်အခြေခံ၍ စဉ်းစားရသည်ဖြစ်သော်လည်း ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခြင်း၊ မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်၏ ရည်မှန်းချက်များကို သုံးသပ်ရာတွင်လည်း မှန်ကန်မှုနှင့် အနီးစပ်ဆုံးဖြစ်ရန်လိုသည်။ ကြိုတင်စဉ်းစားရာတွင် အစွန်းနှစ်ဖက်လွတ်ကင်းသည့် Golden Mean လမ်းစဉ်ဖြင့် မျှော်မှန်းနိုင်ရန် လိုအပ်သည်။ ❖**

**ဈေးနှုန်းသတ်မှတ်ခြင်း**

ဖော်ပြခဲ့သည့် ခေါင်းဆောင်၏ကဏ္ဍတွင် ဈေးနှုန်းများ ဆုံးဖြတ်ခြင်းလည်း ပါဝင်သည်ဟု ဆိုနိုင်ပါသည်။ ဈေးဆိုင်တစ်ခုတွင် ပိုင်ရှင်ကိုယ်တိုင် ရောင်းဝယ်သည့်အခါတွင်လည်း ရောင်းကုန်များကို ဝယ်ယူသည်မှစ၍ အမြတ်အစွန်းမှန်မှန်နှင့် ရောင်းချနိုင်ရန် အကျိုးအမြတ်ကောင်းစွာရရှိရန်မှာ ဝယ်ဈေးရောင်းဈေးများကို မှန်ကန်စွာသုံးသပ်ဆုံးဖြတ်နိုင်ရန်လိုအပ်သည်။ ထိုအခြေအနေတွင် ဝယ်ယူသင့်ချိန်၊ ရောင်းချချိန် ဆုံးဖြတ်သည့်ကိစ္စမှအစ Golden Mean ဟူသော မှန်ကန်သည့်အလယ်အလတ် လမ်းစဉ်ဖြင့် အစွန်းလွတ်အောင် စဉ်းစားဆုံးဖြတ်သင့်သည်။ ဈေးကွက်တွင်လည်း ယှဉ်ပြိုင်နိုင်ရမည်၊ လုပ်ငန်းလည်း အကျိုးအမြတ်ရပြီး တိုးတက်ရမည်ဟူသော အချက်ကိုအခြေခံပြီး မှန်ကန်သည့် ဈေးနှုန်းသတ်မှတ်နိုင်ရန် လိုအပ်သည်။ ရောင်းချိန်ဝယ်ချိန်စဉ်းစားရာတွင်လည်း မှန်ကန်စွာ ချင့်ချိန်နိုင်ရန်လိုအပ်သည်။ အချို့သောကုန်စည်များသည် ဥပဒေနှင့်ထိန်းကျောင်းထားသည်များရှိသဖြင့် ဈေးနှုန်းကို အမြတ်ရလျှင် ရသလောက်ယူမည်ဟူသော အယူအဆကို အစွန်းတစ်ဖက်ဟုယူဆပြီး အလယ်အလတ်ချင့်ချိန်ရောင်းချနိုင်ရန် အလွန်အရေးကြီးသည်။ ဥပဒေနှင့်ထိန်းကျောင်းထားသော ပစ္စည်းများကို ဥပဒေနှင့်မညီသော ဈေးနှုန်းများဖြင့် ရောင်းချသည်နှင့်တစ်ပြိုင်နက် အမြတ်များ များစွာရသည့်တိုင်အောင် မှန်ကန်သော အလယ်အလတ်ကျသော ဆုံးဖြတ်ချက်ဟု မဆိုနိုင်ပါ။ အခွန်ကိုရှောင်၍ ရောင်းဝယ်ခြင်းများသည်လည်း မှန်ကန်သော Golden Mean လမ်းစဉ်မဟုတ်ဟု ဆိုနိုင်သည်။ ဈေးနှုန်းသတ်မှတ်ခြင်းသည် အခြေခံအကျဆုံး အရေးအကြီးဆုံးကိစ္စများမှ တစ်ခုဟု ဆိုချင်သည်။ ဈေးနှုန်းကို အချိန်အခါ အခြေအနေ၊ ရှေ့ဖြစ်ပေါ်နိုင်သည့် အလားအလာများဖြင့် ဆုံးဖြတ်ချက်များကိုချမှတ်နိုင်ရန် များစွာလိုအပ်သည်။ မြန်မာနိုင်ငံ၏ အကောင်းဆုံးစီးပွားရေးဟု ပြောကြသည့် ရွှေအရောင်းအဝယ်လုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းနှင့် ကားအရောင်းအဝယ်လုပ်ငန်းများကိုကြည့်လျှင် ဈေးနှုန်းဆုံးဖြတ်ခြင်းသည် မိမိပစ္စည်းရောင်းချနိုင်ရေးမှစ၍ လုပ်ငန်းရေရှည်ရပ်တည်ရေးအတွက်ပါ အရေးကြီးသည်ကို တွေ့နိုင်သည်။ ဈေးနှုန်းသတ်မှတ်ရေးအတွက် စဉ်းစားသုံးသပ်ရာတွင် လုပ်ငန်းတစ်ခုလုံး၏ အားသာချက်၊ အားနည်းချက်များ၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ လက်ရှိဈေးကွက်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နည်းပညာနှင့်ဥပဒေ စသည့်အချက်များကိုပါ ထည့်သွင်းပြီး အလေးအနက်စဉ်းစား၍ သုံးသပ်ဆုံးဖြတ်နိုင်ရမည်ဖြစ်သည်။ ကုန်ပစ္စည်းတစ်ခုကို အမြတ်အစွန်းမျှော်လင့်၍ သိုလှောင်ထားပြီး ကာလတစ်ခုတွင် အမြတ်အစွန်းသည် ကျေနပ်လောက်သည်ထိ ရလာသည့်အခါ ရောင်းမည်လား၊ ဆက်လက်သိုလှောင်မည်လား၊ ရောင်းမည်ဆိုလျှင် ယခုပေါက်ဈေးကို ကျေနပ်သလား၊ ရောင်းသင့်သလား စသည့်အချက်များကို စဉ်းစားရပြီဖြစ်သည်။ ထို့ပြင် ဥပဒေနှင့်ညီညွတ်သော ဈေးနှုန်းမျိုးကို ဖြစ်ရဲ့လားဟုလည်း စဉ်းစားလာရပြီဖြစ်သည်။ လောဘကြောင့် ရောင်းချသင့်သည့်ဈေးနှုန်း ရောင်းချသင့်သည့်အချိန်ဖြစ်သည့်တိုင်အောင် မရောင်းချဘဲ လိုချင်သည့် အလွန်အမင်းမြင့်သည့် ဈေးရရှိရေးအတွက် ဆက်လက်သိုလှောင်ထားသဖြင့် အများအပြားဆုံးရှုံးရသူများကို မကြာခဏ မြင်တွေ့ရသည်။ ထိုသူများသည် Golden Mean ဟူသောလမ်းစဉ်ကို မကျင့်သုံးခြင်းကြောင့်ဟု ပြောနိုင်သည်။

**အနာဂတ်စီမံချက်များ ချမှတ်ခြင်း**

လက်ရှိအခြေအနေပေါ်တွင် လုပ်ငန်းအောင်မြင်ရေးအတွက် Golden Mean အယူအဆကို ကျင့်သုံးနိုင်သကဲ့သို့ အနာဂတ်မဟာဗျူဟာ၊ အနာဂတ်စီမံကိန်းများ ချမှတ်ရာတွင်လည်း Golden Mean အယူအဆကို ကျင့်သုံးချမှတ်သင့်သည်။ လက်ရှိအခြေအနေပေါ်တွင်အခြေခံ၍ စဉ်းစားရသည်ဖြစ်သော်လည်း ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင် ရွက်ခြင်း၊ မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်၏ ရည်မှန်းချက်များကို သုံးသပ်ရာတွင်လည်း မှန်ကန်မှုနှင့် အနီးစပ်ဆုံးဖြစ်ရန်လိုသည်။ ကြိုတင်စဉ်းစားရာတွင် အစွန်းနှစ်ဖက်လွတ်ကင်းသည့် Golden Mean လမ်းစဉ်ဖြင့် မျှော်မှန်းနိုင်ရန် လိုအပ်သည်။ Golden Mean ဖြင့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ချိန်ခွင်လျှာကဲ့သို့အလုပ်လုပ်ကာ စွန့်စားရလွန်းခြင်းနှင့် လုံးဝမစွန့်စားခြင်းဟူသော အစွန်းနှစ်ဖက်မှလွတ်ကင်းသည့် အခြေအနေကို ဟန်ချက်ညီညီ ချမှတ်လုပ်ကိုင်ရန် လိုအပ်သည်။

လုပ်ငန်းများကို လုပ်ကိုင်ရာတွင် သတ္တိရှိခြင်းဟူသည့် Golden Mean ဆုံးဖြတ်ချက်ချနိုင်ရန် ကြောက်လန့်လွန်းခြင်းဟူသော အနုတ်လက္ခဏာ အစွန်းနှင့် မဆင်မခြင် ရဲရင့်လွန်းခြင်းဟူသော အစွန်းတို့ကိုရှောင်နိုင်ရန် လိုအပ်သည်။ ထို့အတူပင် ပိုက်ဆံသုံးစွဲရာတွင် ဖြုန်းတီးခြင်းနှင့် ကပ်စေးနဲလွန်းခြင်းဟူသော အစွန်းနှစ်ပါးကိုရှောင်ပြီး လုပ်ကိုင်နိုင်ရန်လိုသည်။ စီးပွားရေးလုပ်ငန်းများတွင် ဈေးနှုန်းဆုံးဖြတ်ခြင်း စသည့်အချက်များအပြင် ဈေးကွက်ရှာဖွေခြင်း၊ ထုတ်ကုန်အရည်အသွေးနှင့်အရေအတွက်၊ ဝန်ထမ်းစီမံခန့်ခွဲခြင်း၊ လုပ်ငန်းချဲ့ထွင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း ကိစ္စများကိုလည်း Golden Mean ဟူသော ရွှေအလယ်အလတ်လမ်းစဉ်ဖြင့်လုပ်ကိုင်ပါက မှန်ကန်သောဆုံးဖြတ်ချက်များကို ချမှတ်သွားနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

**ကိုးကား**

- www.numberanalytics.com ၏ Applying the Golden Mean ဟူသော ဆောင်းပါး။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၉၁၆၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခုနှစ် ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၉၁၆၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ဧက ၇၂၈၅၇ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ သီးနှံစုံ ၆၉၁၆၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော မိုးသီးနှံစုံ ၆၉၁၆၈ ဧကတွင်စပါး ၆၇၈၅၃ ဧက၊ ဖူးစားပြောင်း ၂၈၅ ဧက၊ မြေပဲ ၁၇၅ ဧက၊ ပဲစင်းငုံ ၁၀၅ ဧက၊ ငရုတ် ၉၅ ဧက၊ ဟင်းသီးဟင်းရွက် ၆၅၅ ဧက တို့ဖြစ်ကြောင်း သိရသည်။

''အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးအပါအဝင်အခြားသီးနှံတွေစိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို လိုအပ်တာတွေ ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့စိုက်ပျိုးရေးလမ်းညွှန်ချက်တွေကို မြေပြင်အထိ ကွင်းဆင်းအသိပေးထားပါတယ်။ ဓာတ်မြေဩဇာတွေ စနစ်တကျ အသုံးပြုတတ်စေဖို့နဲ့ သဘာဝမြေဩဇာတွေလုပ်ဆောင်အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက ပို့ချပေးနေပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံလျာထားဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါ ကင်းရှင်းစေရေး၊ ဈေးကွက်ဝင် အထွက်နှုန်းကောင်းမျိုးစေ့များ ရွေးချယ်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ အုပ်ချုပ်ရေးအဖွဲ့နှင့် စိုက်ပျိုးရေးနှင့် ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကိုဒေသမရွေးပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ကမ်းနီကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းနီကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကမ်းနီကျေးရွာရှိ လုပ်ကွက်ငယ် တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀၃ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည် ရန်ပုံငွေ စီမံကိန်း (VRFP) စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကမ်းနီကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦးကို ရန်ပုံငွေကျပ်သိန်း ၂၅၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ရန်ပုံငွေကျပ် ၁၂၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူရှစ်ဦးကို ရန်ပုံငွေကျပ် ၂၄ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ရန်ပုံငွေကျပ် ရှစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို စီမံကိန်း ရန်ပုံငွေကျပ် ၄၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

# အသိဉာဏ်ယှဉ်ပါမှ

– အစဉ်ထာဝရ အောင်မြင်ရာ၊
မောင်မယ်တွေ ဘဝလမ်း
ဖြောင့်တန်းသာယာ၊
ဖွဲလုံ့လ စိုက်ထူကာ
ပန်းတိုင်သာအရောက်သွား၊
ရတနာ လူသားအဖြစ်ကို
ထုဆစ်လှုပ်ရှား။

– ဆိုးကောင်းထွေး အမှန်အမှား
ဉာဏ်ကစား ဆုံးဖြတ်လေ၊
အသိ သတိကို လက်ကိုင်စွဲ
ရဲစိတ်ဆောင်စေ၊
ပျင်းရိခြင်း ရှောင်ကြဉ်မသွေ
အောင်မြင်ပေ အမှန်မလွဲ၊
ဘဝကို ယုံကြည်ချက်ဖြင့်
လှမ်းတက်စဉ်မြဲ။

– လောကဓံ အခက်အခဲကိုလ
ရင်ဆိုင်နွှဲ ဖြတ်သန်းကျော်၊
စိတ်သန္တာန်မှာ တန်ခိုးထွား
နိုးကြားစဉ်နော်၊
တန်ဖိုးရှိ လူသားမဟော်
လူကောင်းလူတော် ဖြစ်စေရေး၊
အသိဉာဏ် ရင်မှာလွှမ်းလို့
ကြိုးပမ်းစို့လေး။ ။

**လမင်းခန့်(ပညာရေး)**

# ကြို့ပင်ကောက်မြို့နယ် စိန်တွင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိန်တွင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ် ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိန်တွင်းမြိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦး၊ အသေးစားကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈၄ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

# နိုင်ငံတကာ သတင်းများ

## ယခုနှစ် အာဆီယံထိပ်သီးညီလာခံသို့ တရုတ်သမ္မတရှီကျင့်ဖျင် တက်ရောက်ဖွယ်မရှိ

**ပေကျင်း ဩဂုတ် ၂၃**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လာမည့်အောက်တိုဘာလအတွင်း ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံသို့ တက်ရောက်နိုင်ဖွယ်မရှိကြောင်း ဩဂုတ် ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်ထိကျင်းပမည့် အာဆီယံထိပ်သီးညီလာခံနှင့် ဆက်စပ်ထိပ်သီးညီလာခံများသို့ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ နှစ်ဦးစလုံး တက်ရောက်နိုင်ကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီးအီဘရာဟမ်အန်ဝါက ပြီးခဲ့သည့်လအတွင်း ပြောကြားထားသည်။

သို့ရာတွင် ဒေသတွင်းသံတမန်အရင်းအမြစ်များ၏ အဆိုအရ သမ္မတရှီကျင့်ဖျင်အနေဖြင့် ယခုနှစ် အာဆီယံ ထိပ်သီးညီလာခံသို့ တက်ရောက်နိုင်ဖွယ်မရှိကြောင်း သိရသည်။

ယခုနှစ် အာဆီယံထိပ်သီးညီလာခံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်အစား ဝန်ကြီးချုပ် လီချန်း တက်ရောက်နိုင်ဖွယ်ရှိကြောင်း သံတမန်သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

အာဆီယံထိပ်သီးညီလာခံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်နိုင်ခြေ ရှိ မရှိကို မလေးရှားဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

တရုတ်သမ္မတများ အနေဖြင့် အာဆီယံ ထိပ်သီးညီလာခံသို့ ကိုယ်တိုင်တက်ရောက်မှုရှားပါးပြီး ပုံမှန်အားဖြင့် ဝန်ကြီးချုပ်များသာ တက်ရောက်လေ့ ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## နယူးယောက်ပြည်နယ်အဝေးပြေးလမ်း၌ ဘတ်စကားတိမ်းမှောက်မှုကြောင့် ငါးဦးသေဆုံး

**နယူးယောက် ဩဂုတ် ၂၃**

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ် အဝေးပြေးလမ်းတစ်ခုပေါ်၌ ဩဂုတ် ၂၂ ရက်က ခရီးသည်တင်ဘတ်စကားတစ်စီး တိမ်းမှောက်ခဲ့ရာ ကမ္ဘာလှည့်ခရီးသည် ငါးဦးသေဆုံးခဲ့ရသည်။

အဆိုပါ ဘတ်စကားသည် နီအာဂရာရေတံခွန်သို့သွားရောက်ခဲ့ပြီးနောက် နယူးယောက်မြို့သို့ ဦးတည်မောင်းနှင်နေစဉ်ဘက်ဖလိုးမြို့အရှေ့ဘက် ကီလိုမီတာ ၄၀ အကွာတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ဘတ်စကား တိမ်းမှောက်မှုအတွင်း သေဆုံးသူများမှာ အိန္ဒိယနိုင်ငံသားများ၊ တရုတ်နိုင်ငံသားများနှင့် ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြကြောင်း နယူးယောက်ပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ တိမ်းမှောက်ခဲ့သည့် ဘတ်စကားပေါ်တွင် ခရီးသည် ၅၂ ဦးထိ လိုက်ပါလာကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယာဉ် တိမ်းမှောက်မှုအတွင်း ဒဏ်ရာရသူအချို့ရှိခဲ့သော်လည်း အသက်အန္တရာယ်မစိုးရိမ်ရကြောင်း နယူးယောက်ပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်မောင်းအနေဖြင့်အကြောင်းတစ်စုံတစ်ခုကြောင့် ယာဉ်၏အရှိန်ကိုမထိန်းနိုင်တော့ဘဲ ယာဉ်တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက သုံးသပ်ထားသည်။

Ref : Xinhua
Trs : KKO



## တောင်ကိုရီးယားသမ္မတလီဂျေးမြောင်နှင့် ဂျပန်ဝန်ကြီးချုပ်အီရှီဘာတို့ ဂျပန်နိုင်ငံ တိုကျိုမြို့၌ တွေ့ဆုံဆွေးနွေး



**တိုကျို ဩဂုတ် ၂၃**

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်နှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာတို့သည် ယနေ့တွင် ဂျပန်နိုင်ငံတိုကျိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တောင်ကိုရီးယား သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့၏ ထိပ်သီးဆွေးနွေးပွဲကို တိုကျိုမြို့ရှိ ဂျပန်ဝန်ကြီးချုပ်အိမ်တော်ဂေဟာ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါထိပ်သီးဆွေးနွေးပွဲ၌ တောင်ကိုရီးယားနှင့် ဂျပန် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဂျပန်ဝန်ကြီးချုပ်နှင့် တောင်ကိုရီးယား သမ္မတတို့က ထပ်လောင်း အတည်ပြုခဲ့ကြကြောင်း သိရသည်။

တောင်ကိုရီးယားနှင့် ဂျပန်တို့ကြား ဆက်ဆံရေးတည်ငြိမ်မှုသည် ဒေသတစ်ခုလုံးအတွက် အကျိုးကျေးဇူးပြုနိုင်ကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာက တောင်ကိုရီးယားသမ္မတနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုနှစ်ဇွန်လအတွင်း တောင်ကိုရီးယားသမ္မတရာထူး စတင်ရယူခဲ့သည့် လီဂျေးမြောင်သည် ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိနေခြင်းဖြစ်သည်။

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်မတွေ့ဆုံမီ ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ဆာဂျီယိုဂေါ်ကို သမ္မတဒေါ်နယ်ထရမ့် အမည်စာရင်းတင်သွင်း

**ဝါရှင်တန် ဩဂုတ် ၂၃**

အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးသစ်အဖြစ် ၎င်း၏အနီးကပ်ဆုံးလူယုံတစ်ဦးဖြစ်သည့် ဆာဂျီယိုဂေါ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမည်စာရင်း တင်သွင်းထားကြောင်း ဩဂုတ် ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။



ဆာဂျီယိုဂေါ်သည် လက်ရှိအချိန်တွင် အိမ်ဖြူတော်သမ္မတရုံးညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူထားသူဖြစ်သည်။

ဆာဂျီယိုဂေါ်အနေဖြင့် အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးရာထူးအပြင် တောင်အာရှနှင့် ဗဟိုအာရှရေးရာ အမေရိကန်အထူးကိုယ်စားလှယ် တာဝန်ကိုလည်း တွဲဖက်ယူမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ဆာဂျီယိုဂေါ်ကို အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အမေရိကန် အထက်လွှတ်တော်၏ အတည်ပြုချက်ရယူရန် လိုအပ်သည်။

အထက်လွှတ်တော် အတည်ပြုချက်ရရှိခဲ့ပါက ဆာဂျီယိုဂေါ်သည် မကျေမလည်ဖြစ်နေသည့် အမေရိကန်-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေကို ကိုင်တွယ်ရမည်ဖြစ်သည်။

အမေရိကန်အစိုးရက အိန္ဒိယ ထုတ်ကုန်များအပေါ် ၅၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ထားပြီးနောက် အိန္ဒိယနှင့် အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## စပရက်သ်လေကျွန်းစု၌ ကျွန်းတုများတည်ဆောက်မှု ဗီယက်နမ်မြှင့်တင်

**ဝါရှင်တန် ဩဂုတ် ၂၃**

ဗီယက်နမ်နိုင်ငံသည် တောင်တရုတ်ပင်လယ် စပရက်သ်လေကျွန်းစုအတွင်းရှိ ၎င်းပိုင်ဆိုင်ခွင့်ရယူထားသောနေရာများ၌ကျွန်းတုတည်ဆောက်ရေး လုပ်ငန်းများကို သိသိသာသာမြှင့်တင်လာခဲ့ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ဩဂုတ် ၂၂ ရက်တွင်ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဂြိုဟ်တုဓာတ်ပုံ အထောက်အထားများအရ ဗီယက်နမ်နိုင်ငံသည် စပရက်သ်လေကျွန်းစုနေရာပေါင်း ရှစ်နေရာတို့၌ ကျွန်းတုတည်ဆောက်မှုများ တိုးချဲ့ပြုလုပ်နေကြောင်း အထက်ပါအစီရင်ခံစာ၏အဆိုအရ သိရသည်။

ယင်းအပြင် စပရက်သ်လေကျွန်းစုဒေသ၌ ဗီယက်နမ်နိုင်ငံ၏ ကျွန်းနယ်မြေတုများတည်ဆောက်မှုနှုန်းသည် တရုတ်နိုင်ငံကိုပါကျော်လွန်သွားနိုင်ကြောင်း အထက်ပါ အစီရင်ခံစာတွင် သုံးသပ်ထားသည်။

မဟာဗျူဟာလေ့လာရေးဗဟိုဌာန အစီရင်ခံစာ၏အဆိုအရ ဗီယက်နမ်နိုင်ငံသည် စပရက်သ်လေကျွန်းစုအတွင်း ၎င်းပိုင်ဆိုင်ခွင့်ရယူထားသည့်နေရာပေါင်း ၂၁ နေရာစလုံး၌ ကျွန်းတုများတည်ဆောက်နေခြင်း ဖြစ်ကြောင်း သိရသည်။

တောင်တရုတ်ပင်လယ်ဒေသ တစ်ခုလုံးနီးပါးကို ပိုင်ဆိုင်ခွင့် တောင်းဆိုထားသည့် တရုတ်နိုင်ငံသည် စပရက်သ်လေကျွန်းစုဒေသရှိ ၎င်းထိန်းချုပ်ထားသော နယ်မြေများတွင် ကျွန်းတုများတည်ဆောက်ဖန်တီးထားသည်။

တောင်တရုတ်ပင်လယ်ဒေသ တစ်စိတ်တစ်ပိုင်းကို ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့ကလည်း ပိုင်ဆိုင်ခွင့် တောင်းဆိုထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းအတွင်းရှိ စီးရက်စ်ဂြိုဟ်သိမ်ပေါ်၌ တစ်ချိန်သောအခါက သက်ရှိများရှင်သန်နိုင်ခဲ့ဖွယ်ရှိ



**ဝါရှင်တန် ဩဂုတ် ၂၃**

နေအဖွဲ့အစည်းအတွင်းရှိ စီးရက်စ်ဂြိုဟ်သိမ်ပေါ်၌ တစ်ချိန်သောအခါက သက်ရှိများရှင်သန်နိုင်ခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များအဆိုအရ စီးရက်စ်ဂြိုဟ်သိမ်ပေါ်၌ ရေဓာတ်အပါအဝင် သက်ရှိများအတွက်မရှိမဖြစ်လိုအပ်သော ဇီဝအခြေခံပစ္စည်း သုံးမျိုး ပိုင်ဆိုင်ခဲ့ဖူးကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စီးရက်စ်ဂြိုဟ်သိမ်သည် သက်ရှိများပေါ်ထွက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ရေ၊ ကာဗွန်၊ ဓာတုစွမ်းအင်တို့ကို လွန်ခဲ့သောနှစ်ပေါင်း ၂ ဒသမ ၅ ဘီလီယံခန့်က ပိုင်ဆိုင်ထားခဲ့ဖူးကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါဇီဝအခြေခံပစ္စည်းသုံးမျိုးကြောင့် စီးရက်စ်ဂြိုဟ်သိမ်ပေါ်၌ တစ်ချိန်က သက်ရှိများရှင်သန်နိုင်ခဲ့ဖွယ်ရှိကြောင်း နာဆာ သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

စီးရက်စ်ဂြိုဟ်သိမ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြားဂြိုဟ်သိမ်ခါးပတ်ကွင်း နယ်မြေအတွင်းတည်ရှိသော အရွယ်အစားအကြီးမားဆုံး ဂြိုဟ်သိမ်များထဲတွင် ပါဝင်သည်။

လက်ရှိအချိန်တွင် စီးရက်စ်ဂြိုဟ်သိမ်သည် အေးမြ၍ ရေခဲလွှာများဖုံးလွှမ်းနေသည့် ဂြိုဟ်သိမ်တစ်စင်းဖြစ်ပြီး သက်ရှိများရှင်သန်နိုင်သည့်အခြေအနေမျိုးမရှိတော့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## အမေရိကန်အာကာသတပ်ဖွဲ့၏ အိတ်စ်-၃၇ ဘီ အာကာသယာဉ်ပျံကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၂၃**

အမေရိကန်အာကာသတပ်ဖွဲ့၏ အိတ်စ်-၃၇ ဘီ အာကာသယာဉ်ပျံကို Space-X ကုမ္ပဏီက ဩဂုတ် ၂၁ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် အိတ်စ်- ၃၇ ဘီအာကာသယာဉ်ပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ အိတ်စ်-၃၇ ဘီ အာကာသယာဉ်ပျံကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။



အိတ်စ်-၃၇ ဘီ အာကာသယာဉ်ပျံကို ပို့ဆောင်ခဲ့သည့် ပတ်လမ်းနေရာနှင့် ပို့ဆောင်ခဲ့သည့်အချိန်တို့ကို Space-X ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

အိတ်စ်-၃၇ ဘီ အာကာသယာဉ်ပျံသည် လွှတ်တင်ချိန်တွင် ဒုံးပျံဖြင့် လွှတ်တင်ရသော်လည်း ကမ္ဘာမြေပေါ်သို့ ပြန်ဆင်းသက်ချိန်တွင် ရေပြင်ညီအတိုင်း ပြေးလမ်းပေါ်၌ လေယာဉ်များကဲ့သို့ ဆင်းသက်နိုင်သည့် အာကာသယာဉ်ပျံ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက Starship အာကာသဒုံးပျံယာဉ်ကို ၁၀ ကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေ

**ဝါရှင်တန် ဩဂုတ် ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်ကို ၁၀ ကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ဩဂုတ် ၂၁ ရက်တွင် Starship အာကာသဒုံးပျံယာဉ်၏ ပထမအဆင့်ပင်မဒုံးယာဉ်ဖြစ်သော စူပါဟဲဗီးဒုံးပျံကို တောင်ပိုင်းတက္ကဆက်ဒေသရှိ စတားဘေ့စ် အာကာသစခန်း ဒုံးပစ်စင်သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်ကို ဩဂုတ် ၂၄ ရက်တွင် ၁၀ ကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Starship အာကာသဒုံးပျံယာဉ်သည် Starship ထိပ်ဖူးအဆင့်ဒုံးယာဉ်နှင့် စူပါဟဲဗီး ပထမအဆင့် ပင်မဒုံးယာဉ်တို့ ပေါင်းစပ်ထားသော ဒုံးပျံယာဉ်ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် ၂၀၂၅ ခုနှစ်အတွင်း စပေ့စ်အိတ်ကုမ္ပဏီက စမ်းသပ်လွှတ်တင်မည့် စတုတ္ထမြောက် Starship မစ်ရှင်ဖြစ်ကြောင်း၊ စူပါဟဲဗီးဒုံးပျံသည် မက္ကဆီကို ပင်လယ်ကွေ့၌ ဆင်းသက်မည်ဖြစ်ပြီး Starship အာကာသ ဒုံးပျံယာဉ်ကမူ အနောက်ဩစတြေးလျပြည်နယ် ကမ်းလွန် အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်း ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း အမေရိကန်အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Xinhua News
Trs : KKO

# HEALTH

## အတက်ရောဂါများကို ကုသရာတွင်အသုံးပြုသော ဆေးတစ်မျိုးက အော်တစ်ဇင်ရောဂါ လက္ခဏာများကိုပါ ကုသပေးနိုင်

**နယူးယောက် ဩဂုတ် ၂၃**

အတက်ရောဂါများကို ကုသရာတွင် အသုံးပြုသော ဆေးတစ်မျိုးသည် အော်တစ်ဇင်ရောဂါလက္ခဏာများကိုပါ ကုသပေးနိုင်ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အော်တစ်ဇင်ရောဂါရှိသည့်ကြွက်များတွင် အတက်ရောဂါများကို ကုသပေးသည့် Ulixacaltamide ခေါ် ဆေးတစ်မျိုးဖြင့် စမ်းသပ်ကုသခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါဆေးဖြင့် ကုသပေးခဲ့ပြီးနောက် ကြွက်များ၏ အော်တစ်ဇင်ရောဂါလက္ခဏာများ သက်သာပျောက်ကင်းသွားသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Z 944 ဟူ၍လည်း လူသိများသည့် Ulixacaltamide ဆေးသည် ဦးနှောက်၏ Reticular thalamic nucleus နယ်မြေကို ထိန်းချုပ်ပေးခြင်းဖြင့် အော်တစ်ဇင်လက္ခဏာများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Reticular thalamic nucleus ဦးနှောက်နယ်မြေသည် အာရုံသိစိတ်သတင်း အချက်အလက်များကို စိစစ်ပေးရသည့် ဦးနှောက်နယ်မြေဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အိုမီဂါဖက်တီးအက်စစ် ဖြည့်စွက်ဆေးများက အမျိုးသမီးများ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ တားဆီးရာတွင် အထောက်အကူပြုနိုင်

**လန်ဒန် ဩဂုတ် ၂၃**

အိုမီဂါဖက်တီးအက်စစ် ဖြည့်စွက်ဆေးများသည် အမျိုးသမီးများ၌ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို တားဆီးရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

ဆယ်လ်မွန်ငါးကဲ့သို့ ငါးများမှလည်းကောင်း၊ ဖြည့်စွက်ဆေးပုံစံမျိုးဖြင့်လည်းကောင်း ရယူနိုင်သည့် အိုမီဂါဖက်တီးအက်စစ်သည် အမျိုးသမီးများကြား အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်မှုကို တားဆီးရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အယ်ဇိုင်းမားရောဂါရှိသည့် အမျိုးသမီးများသည် မရှိသူများနှင့်နှိုင်းယှဉ်ပါက အိုမီဂါဖက်တီးအက်စစ်ကဲ့သို့ ကျန်းမာရေးညီညွတ်သည့် မပြည့်ဝအဆီဓာတ်များ သွေးအတွင်းပါဝင်မှု သိသိသာသာလျော့နည်းနေတတ်ကြောင်း သိရသည်။

အထက်ပါ အကျိုးသက်ရောက်မှုမျိုးကို အမျိုးသားအယ်ဇိုင်းမားရောဂါ လူနာများ၌ မတွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အမျိုးသမီးများအနေဖြင့် အယ်ဇိုင်းမားရောဂါကို ကာကွယ်ရေးအတွက် အိုမီဂါဖက်တီးအက်စစ်ကို စားသုံးသင့်သည်ဟု သုတေသနပညာရှင်များက အကြံပြုထားသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အန့်ဝပ်ဂိုးသမား လမ်မန်းကို မန်ယူအသင်း စတာလင်ပေါင် ၁၇ သန်းဖြင့်ခေါ်ယူရန် ဆွေးနွေး

**မန်ချက်စတာ ဩဂုတ် ၂၃**

မန်ယူအသင်းသည် ဂိုးသမား အိုနာနာနှင့် ပွဲထွက်ခွင့် ယှဉ်ပြိုင်ရန်အတွက် အန့်ဝပ်အသင်း ဂိုးသမား လမ်မန်းကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၇ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိရန်နီးစပ်လျက်ရှိသည်။

မန်ယူအသင်းအနေဖြင့် ယခုနွေရာသီတွင် အိုနာနာကို ရောင်းချရန်ဆုံးဖြတ်ခဲ့သော်လည်း ၎င်းနေရာတွင် အစားထိုးနိုင်မည့် ဂိုးသမား ခေါ်ယူရန် ခက်ခဲမှုကြောင့် အိုးထရက်ဖို့ဒ်တွင် ဆက်လက်ကစားခွင့်ပေးခဲ့ပြီးနောက် ယခုအခါ ၎င်းနှင့် ပွဲထွက်ခွင့်ယှဉ်ပြိုင်နိုင်ရန်အတွက် အန့်ဝပ်အသင်းမှ ဂိုးသမား လမ်မန်းကို ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၂၃ နှစ်ရှိ ဂိုးသမား လမ်မန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘယ်လ်ဂျီယံအမှတ်ပေး ပြိုင်ပွဲ ၄၁ ပွဲ ပါဝင်ခဲ့ရာတွင် ဂိုးမပေးရသည့် ပွဲစဉ် ၁၀ ပွဲထိရှိခဲ့သည့်အပြင် ပင်နယ်တီကာကွယ်မှု လေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် မန်ယူအသင်းက ခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီး ဆွေးနွေးမှုပြုလုပ်နေသော်လည်း မန်စီးတီးအသင်းကလည်း လမ်မန်းကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းလာကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် တိုက်စစ်မှူး ဟိုက်လန်းကို နာပိုလီအသင်းသို့ အပြီးသတ်ဝယ်ယူခွင့်ပါသည့် တစ်ရာသီအငှားစာချုပ်ဖြင့်စေလွှတ်ရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် တောင်ပံကစားသမား အန်တိုနီကို ဘက်တစ်အသင်းသို့ ရောင်းချရန် ဆွေးနွေးမှုများ ထပ်မံပြုလုပ်နေသကဲ့သို့ ကစားသမား ဖြည့်တင်းရန်အတွက် ဘရိုက်တန်အသင်းမှ ဘာလီဘာနေရာတွင် စတုဂတ်အသင်း ကွင်းလယ်ကစားသမား စတယ်လာကို ပြောင်းလဲခေါ်ယူသွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : The sun**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ဆောက်သမ်တန်အသင်းသည် ကွင်းလယ်ကစားသမား ဒစ်ဘလင်းကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ဖြင့် ရောင်းချရန် အဲဗာတန်အသင်းနှင့် သဘောတူညီမှုရရှိခဲ့သော်လည်း ကစားသမားကို ပြန်လည်ရောင်းချပါက ဆောက်သမ်တန်အသင်းက အကျိုးအမြတ် ၂၀ ရာခိုင်နှုန်း ခံစားခွင့်ပါရှိကြောင်း သိရသည်။
- နော်တင်ဟမ်အသင်းက နည်းပြဆန်းတို့စ်နှင့် အနာဂတ်မရေမရာမှုများရှိလာသောကြောင့် စပါးအသင်းနည်းပြဟောင်း ပိုစတီကိုဂလူကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် စောင့်ကြည့်နေကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက ဘာစီလိုနာအသင်းမှ အသက် ၁၉ နှစ်ရှိ ခံစစ်ကစားသမား ဟက်တာဖို့ဒ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ကာဆာဒိုကိုပါ ထပ်မံခေါ်ယူရန် ဘာစီလိုနာအသင်းနှင့် ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**ML**

# ဘွန်ဒက်လီဂါအဖွင့်ပွဲစဉ်တွင် ၁၃ မိနစ်အတွင်း ဟက်ထရစ်ဂိုးရရှိခဲ့သည့် ဟယ်ရီကိန်း မှတ်တမ်းကောင်းတစ်ရပ်ရရှိ



**ဘာလင် ဩဂုတ် ၂၃**

ဘွန်ဒက်လီဂါ အဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့ ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး တိုက်စစ်မှူး ဟယ်ရီကိန်းက အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အိမ်ကွင်း၌ ကစားရသည့် ဘိုင်ယန်မြူးနစ်အသင်းက ပွဲစကတည်းက ဆက်တိုက်ဖိအားပေးမှုများ လုပ်ဆောင်နိုင်ခဲ့ကာ ပွဲချိန် ၂၇ မိနစ်နှင့် ၄၂ မိနစ်တွင် အိုလီဆီ၊ ပွဲချိန် ၂၃ မိနစ်တွင် လူးဝစ်ဒီယက်ဇ်တို့၏ ဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီးနောက် ဒုတိယပိုင်း ပွဲကစားချိန် ၆၄ မိနစ်၊ ပွဲကစားချိန် ၇၄ မိနစ်နှင့် ၇၈ မိနစ်တို့တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက ပွဲကစားချိန် ၁၃ မိနစ်အတွင်း ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် မှတ်တမ်းကောင်းတစ်ရပ် ရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်ကစားခဲ့သည့် ဘွန်ဒက်လီဂါပြိုင်ပွဲ ၆၄ ပွဲတွင် သွင်းဂိုး ၆၅ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ဟက်ထရစ်ဂိုး ရှစ်ကြိမ်ထိ ရရှိခဲ့ပြီး မှတ်တမ်းသစ်များ ပိုင်ဆိုင်ခဲ့သည်။

ထို့ပြင် ဟယ်ရီကိန်းသည် ၎င်းသွင်းယူခဲ့သည့် ဟက်ထရစ်ဂိုးများမှာ ပွဲကစားချိန် တစ်ဝက်အတွင်းသာ သွင်းယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : The Sun**
**Trs : ML**

# ပယ်မာဒဏ်ရာပြဿနာကြောင့် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်ကို လွဲချော်ခဲ့ကြောင်း နည်းပြ မာရက်စ်ကာ ထုတ်ပြန်

**လန်ဒန် ဩဂုတ် ၂၃**

ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမားပယ်မာသည် ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် ပွဲထွက်ကစားသမားစာရင်း၌ ပါဝင်ခဲ့သော်လည်း သွေးပူလေ့ကျင့်ခန်း ပြုလုပ်ချိန်တွင် ဒဏ်ရာရရှိခဲ့သောကြောင့်ပြိုင်ပွဲကို လွဲချော်ခဲ့ကြောင်း နည်းပြ မာရက်စ်ကာက ထုတ်ပြန်ခဲ့သည်။

ပယ်မာသည် သွေးပူလေ့ကျင့်ခန်းပြုလုပ်ချိန်တွင် ပေါက်ကြွက်သားဒဏ်ရာ ရရှိခဲ့သောကြောင့် ကြွခိုင်မှုပိုင်းလိုအပ်ချက်ရှိနေသဖြင့် ၎င်းနေရာတွင် လူငယ်ကစားသမား အက်စတီဗာအိုနှင့် လူစားလဲခဲ့ရပြီး အရန်ခုံတွင်သာ ထိုင်ခဲ့ရသော်လည်း အသင်းအနေဖြင့် ဝက်စ်ဟမ်းအသင်းကို ငါးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ကြောင်း သိရသည်။

နည်းပြ မာရက်စ်ကာက “ပယ်မာ အနေနဲ့ လွန်ခဲ့တဲ့ လေးငါးရက်လောက်ကတည်းက ကြွခိုင်မှု လိုအပ်ချက်ရှိနေခဲ့တာပါ။ ဒီနေ့မှာတော့ ပွဲထွက်ကစားသမားစာရင်းမှာပါလာခဲ့ပြီး သွေးပူလေ့ကျင့်ခန်းလုပ်ချိန်မှာပဲ ဒဏ်ရာရသွားတာကြောင့် သူ့ကိုအရန်လူစာရင်းပို့လိုက်တာပါ။ လက်ရှိမှာ ကျွန်တော့်အနေနဲ့ စွန့်စားပြီးအသုံးမပြုလိုပါဘူး။ လက်ရှိမှာ စစ်ဆေးမှုတွေ လုပ်နေတာကြောင့် မကြာခင် ဒဏ်ရာနဲ့ ပတ်သက်ပြီး ထုတ်ပြန်ပေးသွားမှာပါ” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် အဆိုပါပွဲစဉ်တွင် ပယ်မာ၏နေရာ၌ လူငယ်ကစားသမား အက်စတီဗာအိုကို ထည့်သွင်းအသုံးပြုခဲ့သော်လည်း ကစားသမားအနေဖြင့် ပထမဆုံး ပရီးမီးယားလိဂ်ပွဲတွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**

# ONE Friday Fights တွင် မြန်မာကစားသမား သွေးလင်းထက်က ထိုင်းကစားသမား ချော့ပရီချာကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိ

**ဗန်ကောက် ဩဂုတ် ၂၃**

ထိုင်းနိုင်ငံဗန်ကောက်မြို့ လမ်ပီနီအားကစားရုံတွင် ကျင်းပခဲ့သည့် ONE Friday Fights ပြိုင်ပွဲ Straw-weight Muay Thai ပွဲစဉ်တစ်ပွဲအဖြစ် မြန်မာကစားသမား သွေးလင်းထက်နှင့် ထိုင်းကစားသမား ချော့ပရီချာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ သွေးလင်းထက်က ဒုတိယမြောက်အချီ ၁ မိနစ် ၅၂ စက္ကန့်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

သွေးလင်းထက်သည် ချော့ပရီချာနှင့် မထိုးသတ်မီ ဇွန် ၁၃ ရက်က ချော့ပရီချာနှင့် ပီကေဆန်ချိုင် Gym မှ ထွက်ပေါ်လာသည့် လေ့ကျင့်ဖော်ဖြစ်သူ ထိုင်းနိုင်ငံသားခရစ်ပက်အား အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိထားသည်။

ချော့ပရီချာသည် မွေထိုင်းချန်ပီယံဟောင်း တစ်ဦးဖြစ်ပြီး ၎င်း၏လေ့ကျင့်ဖော်အား တံတောင်ပက်တိုက်ကွက်ဖြင့် အလဲထိုးခဲ့သည့် သွေးလင်းထက်အား အလဲထိုးရလဒ်ဖြင့် အနိုင်ယူမည်ဖြစ်ကြောင်း ပွဲမတိုင်မီကြွေးဝါးခဲ့သည်။

ချော့ပရီချာအား အနိုင်ထိုးသတ်နိုင်ရေးအတွက် ပွဲမတိုင်မီကတည်းက သွေးလင်းထက်၏ ကစားဟန်အား လေ့လာထားကြောင်းနှင့် သွေးလင်းထက်၏ အားနည်းချက်ကိုလည်း သိရှိထားကြောင်း ပြောကြားထားသည်။

သို့သော်လည်း သွေးလင်းထက်သည် တစ်ပွဲနှင့်တစ်ပွဲမတူညီသောကစားဟန်ဖြင့် ထိုးသတ်လေ့ရှိပြီး ခန့်မှန်းရခက်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း သုံးသပ်ခံထားရသူဖြစ်သည်။




သွေးလင်းထက်သည် ချော့ပရီချာနှင့် မထိုးသတ်မီ ယခုနှစ်အတွင်း စိန်ခေါ်ပွဲ သုံးပွဲထိုးသတ်ထားပြီး သုံးပွဲစလုံးအနိုင်ရရှိထားသူလည်းဖြစ်သည်။

ချော့ပရီချာနှင့် ထိုးသတ်ခဲ့ရာ ပထမအချီတွင် ချော့ပရီချာက ဖိအားပေး ထိုးသတ်လာခဲ့သော်လည်း သွေးလင်းထက်ကတည်ငြိမ်ငြိမ်ဖြင့်ပင် တုံ့ပြန်သွားနိုင်ခဲ့ပြီး တန်ပြန်တိုက်ကွက်များဖြင့် ချော့ပရီချာအား အထိနာစေခဲ့ကြောင်း သိရသည်။

**Ref : ONEFC**
**Trs : AZL**

# Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟန်လေနှင့်ဖလက်ဝုဒ်တို့ ပူးတွဲဦးဆောင်




အတ္တလန်တာ ဩဂုတ် ၂၃

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပနေသည့် Tour Championshipဂေါက်သီးရိုက်ပြိုင်ပွဲဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဟန်လေနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖလက်ဝုဒ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဟန်လေသည် ပထမနေ့တွင် အကောင်းဆုံးကစားနိုင်ခဲ့သော်လည်း ဒုတိယနေ့တွင် စွမ်းဆောင်ရည်ကျဆင်းခဲ့သဖြင့် ရလဒ်လည်းကျဆင်းခဲ့ပြီး ပထမနေ့က ရရှိထားသောရလဒ်ကြောင့် အမှတ်ပေးဇယားအား ဆက်လက်ဦးဆောင်ခွင့်ရခဲ့သည်။

ပထမနေ့တွင် ရလဒ်ပိုင်းလိုအပ်ချက်တချို့ ရှိခဲ့သော်လည်း ဒုတိယနေ့တွင် ဒုတိယရလဒ်အကောင်းဆုံးကစားသမား ဖြစ်ခဲ့သည့် ဖလက်ဝုဒ်သည် ဒုတိယနေ့ရလဒ်ကြောင့် ဟန်လေအား အမီလိုက်နိုင်ခဲ့ပြီး အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ခွင့်ရခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားကင်မရွန်းယန်းသည် ဒုတိယနေ့၏ရလဒ်အကောင်းဆုံး ကစားသမားဖြစ်ခဲ့ပြီး စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားကန်တလေနှင့်စကော့တလန်ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီတို့သည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်ခွင့်ရခဲ့ကြသည်။

ဖလက်ဝုဒ်က "ဒုတိယနေ့ရလဒ်က မျှော်လင့်ထားတာထက် ပိုကောင်းတဲ့ ရလဒ်ဖြစ်ခဲ့ပါတယ်။ ဒီလိုပုံစံမျိုးနဲ့ ဆက်လက်ကစားသွားနိုင်ဖို့အတွက် ကျွန်တော်လုပ်ရမှာကတော့ လေ့လာသင်ယူစရာတွေကိုဆက်လက်လေ့လာသင်ယူသွားဖို့ပါပဲ။ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲတစ်ပွဲမှာ အမှတ်ပေးဇယားကိုဦးဆောင်ခွင့် ရလာတဲ့အခါမှာ ကစားပုံက သိသိသာသာ ကောင်းမွန်လာလေ့ ရှိပါတယ်။ ဒီပြိုင်ပွဲမှာလဲ ကျွန်တော့်ရဲ့ အစဉ်အလာအတိုင်း ပိုကောင်းအောင် ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ATP Winston-Salem တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ဗန်ဒီဇန်ရှုပ် တက်ရောက်

ဝါရှင်တန် ဩဂုတ် ၂၃

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနား ပြည်နယ်တွင် ကျင်းပနေသည့် ATP Winston-Salem တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် နယ်သာလန်တင်းနစ်ကစားသမား ဗန်ဒီဇန်ရှုပ်က ပြင်သစ်တင်းနစ်ကစားသမားပါရီကက်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဗန်ဒီဇန်ရှုပ်က (၆-၄၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗန်ဒီဇန်ရှုပ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်းဒုတိယပွဲငယ်တွင် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး tie-break အဆင့်တွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဗန်ဒီဇန်ရှုပ်နှင့် ပါရီကက်တို့ ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့သလို ပွဲကစားချိန်မှာလည်း ၁ နာရီ ၃၆ မိနစ်ထိ ကြာမြင့်ခဲ့သည်။

ဗန်ဒီဇန်ရှုပ်က "တော်တော်လေးကိုခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်သလို ပင်ပန်းခဲ့ပါတယ်။ ပွဲကစားချိန်က နှစ်နာရီနီးပါး ကြာမြင့်သွားခဲ့တဲ့အတွက်ပင်ပန်းခဲ့တယ်။ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲ ဖြစ်ခဲ့ပေမဲ့လဲ ကျွန်တော့်အနေနဲ့ အခက်အခဲတွေကိုကျော်ဖြတ်ဖို့အတွက် အကောင်းဆုံးစီမံခန့်ခွဲနိုင်ခဲ့တယ်" ဟု ပြောကြားခဲ့သည်။

ဗန်ဒီဇန်ရှုပ်သည် ဗိုလ်လုပွဲ အဆင့်တွင် ဟန်ဂေရီတင်းနစ်ကစားသမားဖက်ဆိုဗစ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL



# ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ပွဲစဉ် (၁)တွင် အင်္ဂလန်ကစားသမားများ ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် ပထမဆုံးဘောလုံးရာသီအဖြစ် မှတ်တမ်းဝင်

လန်ဒန် ဩဂုတ် ၂၃

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ပွဲစဉ်(၁)တွင် အင်္ဂလန်ကစားသမားများတစ်ဦးမျှဂိုးသွင်းယူနိုင်ခြင်းမရှိသည့် ပထမဆုံးဘောလုံးရာသီအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲဟု အမည်ပြောင်းလဲ ကျင်းပခဲ့ပြီးနောက် နှစ်ပေါင်း ၃၃အတွင်း အစောပိုင်းဘောလုံးရာသီများက ပြိုင်ပွဲအဖွင့်ပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၁)တွင် အင်္ဂလန်ကစားသမားများ အနေဖြင့် ဘောလုံးရာသီတိုင်းတွင် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အင်္ဂလန်ကစားသမားတစ်ဦးမျှ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ခြင်းဖြစ်သည်။

လိဂ်ပြိုင်ပွဲသမိုင်း တစ်လျှောက် နောက်ဆုံးသုံးရာသီ အဖြစ် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ခုနစ်ဦး၊ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ရှစ်ဦးနှင့် ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက သုံးဦး ဂိုးသွင်းယူနိုင်ခဲ့ကြသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် တစ်ဦးမျှ ဂိုးမသွင်းခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲဟု အမည်ပြောင်းလဲကျင်းပခဲ့သည့် ၁၉၉၂ ခုနှစ်နောက်ပိုင်းတွင် အင်္ဂလန်ကစားသမားများ ဂိုးသွင်းယူနိုင်မှုနှုန်းကျဆင်းလာခဲ့ပြီး အများဆုံးသွင်းယူနိုင်ခဲ့သည့် ဘောလုံးရာသီအဖြစ် ပြိုင်ပွဲစတင်ကျင်းပခဲ့သည့် ၁၉၉၂ ခုနှစ်က ၂၂ဦးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။ Ref : Fotmob

Trs : STA

# စပါးအသင်းက ဆာဗင်ဟိုကို စတာလင်ပေါင် ၇၃ သန်းဖြင့် ကမ်းလှမ်း

လန်ဒန် ဩဂုတ် ၂၃

စပါးအသင်းက လိုအပ်ချက်များရှိနေသည့်အသင်းတိုက်စစ်ပိုင်းအတွက် မန်စီးတီးအသင်းမှ ဆာဗင်ဟိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၃သန်းထိ ပေးချေ ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်း၌ အဓိက ကစားသမား ဆွန်ဟောင်မင်ကို လက်လွှတ်ခဲ့ရသကဲ့သို့ ကွင်းလယ်တိုက်စစ် ကစားသမား တစ်ဦးဖြစ်သည့် မက်ဒီဆင်အနေဖြင့်လည်း ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သည့်အတွက် အသင်းတိုက်စစ်ပိုင်း လိုအပ်ချက်များ ရှိနေခြင်းဖြစ်သည်။

အလားတူ နောက်ထပ်အဓိကတိုက်စစ် ကစားသမားတစ်ဦးဖြစ်သည့်ကူလူဆက်စကီးမှာလည်း ဒဏ်ရာကြောင့် ယခုနှစ်ကုန်ပိုင်းထိ အနားယူရမည့်အခြေအနေကြောင့် အသင်းတိုက်စစ်ပိုင်းတွင် ရစ်ချာလီဆန်တစ်ဦးတည်းသာ ရှိနေသည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

စပါးအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် အစောပိုင်းက ပဲလေ့စ်အသင်းမှ အက်ဇီကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သည့်အတွက် ဆာဗင်ဟိုကိုခေါ်ယူရန် အရှိန်မြှင့်ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်။



စပါးအသင်းက ဆာဗင်ဟိုကို ခေါ်ယူရန် အစောပိုင်းကတည်းက ကြိုးပမ်းနေခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းက ရောင်းချရန် ဆုံးဖြတ်ထားသော်လည်း နောက်ပိုင်းတွင် အသင်းတွင်သာ ဆက်လက် ထိန်းသိမ်းထားလိုနေသည့်အတွက် စပါးအသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြစ်သည့် စတာလင်ပေါင် ၇၃သန်းထိ ပေးချေကမ်းလှမ်းခဲ့ကြောင်း သိရသည်။ Ref : Goal.com

Trs : STA

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂)တွင် ISPEအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၂) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ISPE အသင်းနှင့် ရွှေဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPEအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်တွင် သိန်းဇော်သီဟ၊ ပွဲချိန် ၆၄မိနစ်တွင် စိုးလင်းအောင်နှင့် ပွဲချိန် ၈၁မိနစ်တွင် စောလင်းထက်ပိုင်တို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ညနေ ၃နာရီခွဲက YUSCအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၂၀တွင် အာကာကျော်၊ ပွဲချိန် ၅၂မိနစ်နှင့် မိနစ် ၆၀တွင် သာယာဝင်းထက်၊ ပွဲချိန် ၆၄ မိနစ်နှင့် ၇၆မိနစ်တို့တွင် Rintaro Hama တို့က သွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၂) ပွဲစဉ်များအဖြစ် ဩဂုတ် ၂၄ရက် ညနေ ၃နာရီခွဲတွင် YUSC အားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ညနေ ၃နာရီခွဲတွင် သီဟဒီပအားကစားကွင်း၌ ရာမညယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အလှူကိုသွား အလှူစာစား အလှူစကားပြောရအောင်

## မင်းယဉ်စု

သားသဘော်ပေါ်ပြန်တက်ခါနီး အစ်မငယ်ဖြစ်သူက သူ့မောင်အတွက် အလှူအတန်းလုပ်ပေးမယ် ဆိုပြီးတော့ စီစဉ်ကာ အလှူမှာ မိဘတွေကိုပါလာဖို့ မိတ်အများနဲ့ဖိတ်ကြားလာတယ်။

"အဖေတို့လာခဲ့၊ ကျောင်းကြီးက အကျယ်ကြီး၊ တရားဟောတဲ့ ဘုန်းဘုန်းကြီးကလဲ ရိုးရိုးကြီး" ဆိုတာနဲ့ ဇနီးမောင်နှံနှစ်ယောက် လိုက်သွားဖြစ်တာ။ ဟုတ်သားပဲခင်ဗျာ။ ရွှေတိဂုံစေတီနားမှာ ကျောင်းကြီးဝိဟာရက အကျယ်ကြီး၊ အကြီးကြီး၊ နောက်ပြီး စာသင်တိုက်။

မြေကွက်ကျယ်ကြီး တစ်ဖက်စွန်းဆီမှာ တိုက်တာအာရာမ်တွေနဲ့ မြေအောက်ခန်းတွေလဲပါတယ်။ အလယ်မှာက ဓမ္မာရုံကြီး ဟီးနေတာပဲ။ "ရေနံချောင်း ဓမ္မာရုံ"တဲ့။ ဧကန္တ ရေနံချောင်းဆက်တွေနဲ့တူတယ်။

အလှူရှင် ဘာမှဝင်စွက်ပြီးလုပ်ပေးစရာမလိုဘဲ ကျသင့်တဲ့အလှူငွေကိုသာပေးလိုက်ပြီး ရေစက်ခွက်ကိုသာ ကိုင်ရုံပဲ။ တရားဟောတဲ့ ဆရာတော်ကြီးကလဲ ကောင်းတယ်ဗျာ။ ဘာမှအတွန့်အတက်တွေမပါဘဲ ရိုးရိုးစင်းစင်းနဲ့ ရှင်းလင်းပြတ်သားတော်မူပါရဲ့။ ဘုရားအလိုတော်ကျ တရားဓမ္မတွေကို စေတနာပါပါနဲ့ ဟောကြားတော်မူတယ်ဗျာ။

တရားနာအပြီး ရေစက်ချအမျှဝေပြီးတော့ ကျောင်းတိုက်ကြီးတစ်တိုက်လုံးမှာရှိတဲ့ စာသင် သားသံဃာတော်တွေနဲ့ ကိုရင်ကလေးတွေကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြတာ ကြည်နူးစရာပါ။

ကျုပ်က ဝက်သားကြိုက်တဲ့သူဆိုတော့ ဝက်သားဟင်းပါရင် သိပ်ကောင်းမှာပဲလို့စိတ်ထဲကျိတ်ပြီး စိတ်ကူးနေတာ "တိုင်းရက်တဲ့ ပက္ကလာ မိုးရွာတာနဲ့ အခန့်သင့်"ဆိုတာလိုပဲ ဝေယျာဝစ္စအဖွဲ့က စီစဉ်ချက်ပြုတ်တဲ့ ပင်တိုင်ဟင်းက ဝက်သားအိုးကြီးချက်တဲ့ဗျာ။ ဝက်သားသုံးထပ်သားကို ချက်ထားတာဗျာ။ အဆီကော၊ အခေါက်ကော နူးအိနေတာပါပဲ။ ဒါတင်ပဲလားဆိုတော့ မဟုတ်ရေးချမဟုတ်။ ကြက်ပင်စိမ်းသောက်ဆမ်းနဲ့ အရန်ဟင်းတွေက သုံးလေးမျိုး။ ဆီးဖြူသီးထောင်း၊ လက်ဖက်နဲ့ ပဲကြမ်းကြော်သုပ်၊ ပဲကြာဆံဟင်းချို၊ ငါးငါးပိချက်နဲ့ တို့စရာအစုံ။ အမယ်လေး ကျုပ်တို့အဘိုးကြီး ဇနီးမောင်နှံ စားလိုက်ကြတာ ဗိုက်ကိုအင့်ရော။ မနည်းကို ထယူရတယ်။

အလှူကိုသွား အလှူမှာစားရင်း အလှူစကားပြောရမယ်ဆိုရင်တော့ ကျုပ်တို့ဇနီးမောင်နှံဟာ အလှူအတန်းမှာအင်မတန်ဝါသနာပါတယ်လို့ ဂုဏ်ယူဝင့်ကြွားစွာဆိုပါရစေ။ အခြားနေရာတွေမှာသာ စိတ်သဘောထားကွဲရင်ကွဲမယ် လှူတဲ့တန်းတဲ့နေရာမှာတော့ ကျုပ်တို့နှစ်ဦးသားက ထပ်တူထပ်မျှပါ။

ကျုပ်တို့ဇနီးမောင်နှံညားပြီးကတည်းက လှူဒါန်းခဲ့တာ နည်းတာမှမဟုတ်ဘဲ။ "အလှူရေစက် လက်နဲ့မကွာ"ဆိုတာ ကျုပ်တို့ဇနီးမောင်နှံအတွက် အလွန်မှန်လှတဲ့စကားစုပါပဲ။ ဒါကြောင့်လဲ အချို့ ခင်မင်ရင်းနှီးသူ၊ အတွင်းသိအစင်းသိသူတချို့က "ရေစက်ခွက်ကလေးတွေ လည်ပင်းမှာ ချိတ်ထားပါလား"လို့တောင် ပြောယူရတယ်။

ကြုံလို့ပြောရရင် ကျုပ်က "ပုညဝဓ္ဓန ကုသိုလ်တော်စာရင်း"ဆိုပြီး ခုံချုပ်စာအုပ်တစ်အုပ်နဲ့ စာရင်းလုပ်ထားတယ်။ ကျုပ်တို့ဇနီးမောင်နှံလှူခဲ့တန်းခဲ့တာတွေကို အကြောင်းအရာ၊ နေရာ၊ ရက်စွဲနဲ့တကွ တိတိကျကျမှတ်တမ်းတင်ပြီး ရေးသွင်းထားတာ။ တစ်ခါတလေ မလှူဖြစ်တာကြာလို့မေ့နေရင် အဲဒီစာအုပ်ကိုလှန်ပြီး ပြန်ဖတ်လိုက်၊ လှူချင်တန်းချင်စိတ်ပြန်ပေါက်ပြီး ချက်ချင်းထလှူဖြစ်ရော။

လှူတယ်ဆိုတဲ့နေရာမှာ သာမန်ဆွမ်းကျွေး၊ ဆွမ်းကပ်တာတွေက အနမတဂ္ဂ၊ အများကြီး။ အိမ်မှာမွေးထားတဲ့ ခွေးကလေး၊ ကြောင်ကလေးတွေ သေတာတောင်မှ ကျုပ်တို့ဇနီးမောင်နှံက ဆွမ်းသွတ်ပြီးအမျှဝေတာကို တချို့က မသိမသာမေးငေါ့ကြသေးတယ်။

ကျုပ်တို့လှူတဲ့အထဲမှာ လူသိထင်ရှားနဲ့ ကျော်ကြားတာကတော့ တန်ဆောင်မုန်းလပြည့်နေ့မှာကျင်းပတဲ့ ကထိန်အလှူပွဲ၊ နတ်တော်လပြည့်နေ့မှာကျင်းပတဲ့ ပဋ္ဌာန်းပွဲနဲ့ ဝါဆိုလပြည့်နေ့မှာကျင်းပတဲ့ ရှင်ဥပဂုတ္တရဟန္တာပူဇော်ပွဲပဲ။

ကထိန်ပွဲနဲ့ပဋ္ဌာန်းပွဲကို နှစ်စဉ်နှစ်တိုင်း မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာမှာရှိတဲ့ ညီဦးပဉ္စင်းရဲ့ "အောင်သုခကျောင်းတိုက်"မှာ ၁၀ နှစ်ဆက်တိုက် မပျက်မကွက်ကျင်းပဖြစ်ခဲ့တယ်။

အဲဒီအလှူနေ့တွေဆိုရင် တစ်ရွာလုံး မီးခိုးတိတ်ပဲ။ မနက်အရုဏ်ဆွမ်း၊ နေ့ဘက်နေ့ဆွမ်းကပ်ပြီး ရွာလုံးကျွတ်လာပြီး အားပေးကြတယ်။ အကတွေ၊ အခုန်တွေ၊ အိုးစည်ဒိုးပတ်ဝိုင်းတွေနဲ့ ကျွဲနက်ကြီးနှစ်ကောင်ခတ်တဲ့ ကျွဲကပွဲတောင်ပါသေး။

နောက်တစ်ပွဲကတော့ နှစ်စဉ် ဝါဆိုလပြည့်နေ့တိုင်းကျင်းပတဲ့ "ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ပူဇော်ပွဲ"ပဲ။

ဝါဆိုလပြည့်နေ့မတိုင်ခင် ခုနစ်ရက်လောက်က ကြိုတင်ပြီး ဝါးပိုးဝါးနှစ်ထပ်နဲ့ ခြောက်ပေပတ်လည်ရှိတဲ့ ဖောင်လုပ်၊ ဖောင်ပေါ်မှာ သစ်သားကျောင်းဆောင်ဆောက်လုပ်ပြီး ရဟန္တာကြီးရဲ့ကြေးရုပ်တုကို စံမြန်းစေတော်မူတယ်။ ပြီးတော့မှ အိမ်ရှေ့က ပေါ်တီကိုအောက်ထပ်မှာ ငှက်ပျောပွဲ၊ အုန်းပွဲ၊ သင်္ကန်းပရိက္ခရာ၊ ပန်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်အစုံအလင်နဲ့ ခုနစ်ရက် ခုနစ်လီ အပူဇော်ခံထားရှိပေးတယ်လေ။

အဲဒီလို နေအိမ်မှာ အပူဇော်ခံနေစဉ်အတွင်း ရပ်ဝေးရပ်နီးကလာသမျှ ကလျာဏမိတ္တမိတ်ဆွေအပေါင်းကို လက်ဖက်ရည်၊ ကော်ဖီ၊ ကျောက်ကျော၊ ဆန္ဒင်းမကင်းစတဲ့မုန့်ပဲသရေစာအမျိုးမျိုးကို တစ်နေ့တစ်မျိုးမရိုးစေရအောင် ညှော့ခံကျွေးမွေးပြုစုရတာ ဇနီးမောင်နှံနှစ်ယောက် မမောနိုင်မပန်းနိုင်ပါပဲ။

ပြီးတော့မှ ခုနစ်ရက်မြောက်တဲ့ ဝါဆိုလပြည့်နေ့မနက်စောစောမှာတော့ ဖောင်တော်ကို ကားပေါ်တင်ပြီး ရှင်လူပရိသတ်အစုံအလင်နဲ့ ဗိုလ်တထောင်ကမ်းနားကိုသွား။ ကမ်းနားမှာ သမ္ဗန်တွေငှားပြီး ဖောင်တော်ကို ရေပေါ်မှာကြိုးနဲ့ဆွဲ၊ လူတွေက သမ္ဗန်ပေါ်ကလိုက်ပြီး ပင်လယ်ထွက်ပေါက်နားက ဟိုးရေလယ်ကောင်အထိ သွားစေတယ်။

ရေလယ်ကောင်ရောက်တော့မှ သမ္ဗန်နောက်မှာချည်ထားတဲ့ဖောင်တော်ကို ကြိုးဖြုတ်ပြီး ပင်လယ်ဘက်ကို မျှောပေးလိုက်တယ်။ ကျုပ်တို့ဇနီးမောင်နှံ ပျော်လဲပျော်ပါရဲ့ ဝမ်းလဲနည်းပါရဲ့။ ဖောင်ကလေးက အိပ့်အိပ့်နဲ့ မျောသွားနေတုန်း မျက်ရည်လည်ရွဲနဲ့ ငိုပွဲဆင်ရတာလဲ မပြောပါနဲ့တော့။ အဲဒီအချိန်မှာ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိတဲ့ တံငါလှေကလေးတွေပေါ်က လူတွေက ဖောင်ပေါ်က သစ်သီးမျိုးစုံကို တပျော်တပါးနဲ့ ယူငင်ကြသေးတယ်။

အိမ်ပြန်ရောက်တော့ ရပ်ကွက်ထဲက ပရိသတ်ကို ကိုယ်တိုင်ချက်တဲ့ မုန့်ဟင်းခါး ဒါမှမဟုတ် အုန်းနို့ခေါက်ဆွဲအဝကျွေးပြီး အလှူအောင်ပွဲအနေနဲ့ ပိုက်ဆံကြဲရတာပျော်စရာကြီးဗျာ။

အဲဒီလို ရဟန္တာပူဇော်ပွဲကို လုပ်ခဲ့တာ ၁၇ နှစ်တိတိရှိခဲ့ပါရဲ့။ အခုတော့ အသက်တွေကြီးလာ၊ ကျန်းမာရေးကလဲ ချူချာလာတော့ ကျုပ်တို့ဇနီးမောင်နှံ အဲဒီလိုမလှူနိုင်တော့တာ ပြန်တွေးမိတိုင်း ဝမ်းနည်းမိပါရဲ့။

ကျုပ်ပြုစုထားတဲ့ ကျုပ်တို့ရဲ့ “ပုညဝဓ္ဓနကုသိုလ်တော်စာရင်း"မှာ ကျုပ်တို့လှူဒါန်းခဲ့တဲ့ အလှူအတန်းမျိုးစုံပါတယ်။

ကိုယ့်ကိုယ်ကိုယ် မနှိုင်းကောင်းနှိုင်းကောင်း နှိုင်းတယ်လို့တော့ မထင်စေလိုပါ။ ရာဇဝင်သမိုင်းမှာ ရေတွင်းပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀ စသဖြင့် အလှူရေစက်လက်နဲ့မကွာ ရက်ရက်ရောရောလှူဒါန်းခဲ့တဲ့ "သီရိဓမ္မာသောကမင်းကြီး" နတ်ရွာစံခါနီးမှာ အပါးနေ မှူးကြီးမတ်ရာတွေက တခုတ်တရမေးကြတယ်။

"အရှင်မင်းကြီး အရှင်မင်းကြီးဘဝ လှူဒါန်းခဲ့ရသည်များအနက် အဘယ်အလှူကို သတိအရဆုံး၊ အမြတ်ဆုံး ထင်မိပါသလဲဘုရား"တဲ့။ အဲဒီတော့ မင်းကြီးက–

"အမတ်တို့ ရာသီဥတုဖောက်ပြန်ပြီး တစ်တိုင်းပြည်လုံး သရောကြီးခိုင်းစဉ် (အစာရေစာရှားပါးပြီး ငတ်မွတ်ခေါင်းပါးစဉ်) နန်းတော်ရှေ့ ဆွမ်းခံရပ်လာတဲ့ သီလရှင်ကလေးတစ်ပါးကို ဆွမ်းဆန်တော် တစ်ဇွန်းတစ်ယောက်မ လှူဒါန်းခဲ့ရတာကို ငါအမှတ်အရဆုံးဖြစ်တယ်"လို့ ပြန်ဖြေတော်မူခဲ့ပါသတဲ့။

ဟုတ်ကဲ့။ ကျုပ်လဲ ကျုပ်လှူခဲ့သမျှ အလှူဒါနအပေါင်းထဲမှာ ကျုပ်သတိအရဆုံး၊ စိတ်ထဲမှာ အကျေနပ်ဆုံးအလှူကတော့ ငွေအကြွေတွေသုံးလို့ရတဲ့ အချိန်တုန်းက ကျုပ် စုဘူးကြီးတစ်ဘူးနဲ့စုထားတဲ့ မတ်စေ့တွေ၊ ငါးမူးစေ့တွေ၊ ကျပ်စေ့တွေကို တစ်နေ့ စုဘူးဖောက်ပြီး ရွှေတိဂုံစေတီကို သွားလှူတယ်။ အရှေ့ဘက်မုခ်ကနေစလို့ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ် လက်ယာရစ်လှည့်ပြီး တွေ့သမျှ အလှူခံပုံးတွေထဲ အကြွေစေ့တစ်စေ့စီ လိုက်ထည့်ပြီး လှူတာ။ အံ့သြဖို့ကောင်းလိုက်တာဗျာ။ စထွက်တဲ့နေရာပြန်ရောက်လို့ လက်ထဲက အကြွေအားလုံးလဲကုန်ရော အလှူခံပုံးတွေလဲကုန်ရောပဲ။

အဲဒီအလှူကို ကျုပ်သတိအရဆုံး၊ မှတ်မိနေဆုံး၊ စိတ်ထဲမှာလဲ ကြည်နူးမဆုံးဖြစ်နေမိတယ်ဗျာ။

❖အလှူကိုသွား အလှူမှာစားရင်း အလှူစကားပြောရမယ်ဆိုရင်တော့ ကျုပ်တို့ဇနီးမောင်နှံဟာ အလှူအတန်းမှာ အင်မတန်ဝါသနာပါတယ်လို့ ဂုဏ်ယူဝင့်ကြွားစွာဆိုပါရစေ။ အခြားနေရာတွေမှာသာ စိတ်သဘောထားကွဲရင်ကွဲမယ် လှူတဲ့တန်းတဲ့နေရာမှာတော့ ကျုပ်တို့နှစ်ဦးသားက ထပ်တူထပ်မျှပါ။ ကျုပ်တို့ဇနီးမောင်နှံ ညားပြီးကတည်းက လှူဒါန်းခဲ့တာ နည်းတာမှမဟုတ်ဘဲ။ "အလှူရေစက် လက်နဲ့မကွာ"ဆိုတာ ကျုပ်တို့ဇနီးမောင်နှံအတွက် အလွန်မှန်လှတဲ့စကားစုပါပဲ။ ဒါကြောင့်လဲ အချို့ခင်မင်ရင်းနှီးသူ၊ အတွင်းသိအစင်းသိသူတချို့က "ရေစက်ခွက်ကလေးတွေ လည်ပင်းမှာ ချိတ်ထားပါလား" လို့တောင် ပြောယူရတယ်။ ❖

# တောင်တွင်းကြီးမြို့နယ် အင်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တောင်တွင်းကြီး ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အင်းရွာကြီးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်း မပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က အင်းရွာကြီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်းရွာကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၃၄ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၂၈၂ သိန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ်ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နွဲ့ယဉ်

# ကျူးကကြယ် (လွင့်ပြယ်သွားသောအိပ်မက်များ) ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကျင်းပ



**ရန်ကုန် ဩဂုတ် ၂၃**

Nova Motion ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ကျူးကကြယ် (လွင့်ပြယ်သွားသောအိပ်မက်များ) ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဩဂုတ် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက်ဒေးရုံ (ရန်ကုန်အာနန္ဒာ) စေတီတော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ မင်းတော်ဝင်ထံမှ သိရသည်။

အဆိုပါ ကျူးကကြယ် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်တင်ကရေးသားထားပြီး ဒါရိုက်တာ ရာဇဝင်ကိုနှင့် တွဲဖက်ဒါရိုက်တာ ဆူးခက်မင်းတို့က Nova Motion ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က ကျူးက ကြယ်မှာ လူမှန်းမသိအောင် မူးနေတဲ့ ဇာတ်ကနေ စတည်ထားတာပါ။ ဇာတ်လေးက မိုက်တယ်။ အဓိက ကျောင်းဆရာ တစ်ယောက်ဆိုပေမဲ့ မိန်းမတွေကိုစိတ်နာပြီးတော့ ကျူးထဲရောက်သွားတာပေါ့။ ဘဝကိုစိတ်နာပြီး ရောက်လာတာပါ။ ဇာတ်လေးက တော်တော်လေးကို ကောင်းပါတယ်" ဟု သရုပ်ဆောင်မင်းတော်ဝင်က ပြောပြသည်။

အဆိုပါ ကျူးကကြယ် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မင်းတော်ဝင်၊ ခွန်းညပိုင်အိမ်ခ၊ ဆောင်းယွန်းစံ၊ ဝင်းဖန့်ကြည်ဝင်း၊ သော်တာလှိုင်ထွန်းနှင့် အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# La Matadora ဇာတ်ကား၌ မင်းသား ရူဒီယန်းဘလက် ပါဝင်မည်

**နယူးယောက် ဩဂုတ် ၂၃**

La Matadora အမည်ရှိ သမိုင်းနောက်ခံ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ရူဒီယန်းဘလက် ပါဝင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

La Matadora ဇာတ်ကား၌ ရူဒီယန်းဘလက်သည် မက္ကဆီကို အမျိုးသမီး နွားရိုင်းသတ်သမား တစ်ဦးကိုချစ်မိခဲ့သည့် စိတ်ထားသိမ်မွေ့သူ ပန်းချီဆရာတစ်ဦး အဖြစ်သရုပ်ဆောင်ရမည်ဖြစ်သည်။

၎င်း ဇာတ်ကား၌ အမျိုးသမီး နွားရိုင်းသတ်သမား Matadora အဖြစ် သရုပ်ဆောင်ရမည့် အမျိုးသမီး သရုပ်ဆောင်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးပေ။

La Matadora ဇာတ်ကားသည် မက္ကဆီကိုအမျိုးသမီး နွားရိုင်းသတ်သမား မာရီရှုဘီယို၏ ဘဝကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ ရစ်ချက်မယ်ဒိုနာဒိုက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ တီစီဒီဝစ်က ရေးသားပေးထားကြောင်း၊ အဆိုပါ ဇာတ်ကားကို ယခုနှစ် ဆောင်းရာသီတွင် မက္ကဆီကိုနိုင်ငံ၌ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ရည်းစားဟောင်း ဇာတ်လမ်းကို Mahar Application မှ စက်တင်ဘာလ ပထမပတ်တွင် ထုတ်လွှင့်သွားမည်




**ရန်ကုန် ဩဂုတ် ၂၃**

BO BO Entertainment က ရိုက်ကူးထုတ်လုပ်သည့် ရည်းစားဟောင်း ဇာတ်လမ်းကို Mahar Application မှ စက်တင်ဘာလပထမပတ်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရည်းစားဟောင်း ဇာတ်လမ်းတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ ကောင်းမြတ်စံထံမှ သိရသည်။

အဆိုပါ ရည်းစားဟောင်း ဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရန်နိုင်ထွန်းက ရေးသားထားပြီး ဒါရိုက်တာ ရာဇဝင်ကိုက BO BO Entertain-ment အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းကတော့ ထိထိမိမိနဲ့ တစ်ပိုင်းတည်းအပြီး ကြည့်ရှုရမဲ့ ဇာတ်လမ်းအသစ်ဖြစ်ပါတယ်။ ကုမ္ပဏီဝန်ထမ်း ကောင်လေးတစ်ယောက်ဖြစ်ပြီး ရည်းစားဟောင်းနဲ့ လက်ရှိရည်းစားကြားမှာ ဗျာများနေရသူ မိုးလူအဖြစ် သရုပ်ဆောင်ထားပါတယ်။ သံသာညီကိုတော့ ခပ်ဆိုးဆိုး အရွဲ့တိုက်တတ်တဲ့ ကောင်မလေးဖြစ်တဲ့အပြင် အတ္တကြီးပြီး လိုချင်တာကို မရရအောင်ယူတတ်တဲ့မိန်းကလေး စွဲမက်အဖြစ် မြင်တွေ့ရမှာပါ" ဟု သရုပ်ဆောင် ကောင်းမြတ်စံက ပြောပြသည်။

ရည်းစားဟောင်း ဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် ကောင်းမြတ်စံ၊ ခွန်းညာ၊ သံသာညီ၊ ဥသြသံသာ၊ လှနုထွန်းနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# The Shitheads ဇာတ်ကားသစ်၌ မင်းသမီး ကီအာနန်ရှစ်ပကာ ပါဝင်လာ

**နယူးယောက် ဩဂုတ် ၂၃**

The Shitheads ဟာသ ဇာတ်ကားတွင်မင်းသမီးကီအာနန် ရှစ်ပကာလည်းပါဝင်လာကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

The Shitheads ဇာတ်ကားတွင် မင်းသမီး ကီအာနန်ရှစ်ပကာသည် မင်းသား ဒွေဖရန်ကို၊ အိုရှိယာ ဂျက်ဆင်ဂျူနီယာ၊ ပီတာဒင်းကလိတ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Shitheads ဇာတ်ကားသည် ကမောက်ကမ ဖြစ်ခဲ့ရသည့် ခရီးစဉ်တစ်ခု၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသ ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မေကွန်ဘလဲက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ၎င်းကပင်ရေးသားထားကြောင်း သိရသည်။


မင်းသမီးကီအာနန် ရှစ်ပကာသည် Red One ဇာတ်ကား၊ The Last Showgirl ဇာတ်ကားတို့ဖြင့် ထင်ရှားလာသည့် တက်သစ်စ မင်းသမီးတစ်လက်ဖြစ်သည်။

The Shitheads ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ ဇာတ်လမ်းတွဲမှ သရုပ်ဆောင်များနှင့်ပရိသတ်များတွေ့ဆုံပွဲ ပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၂၃**

HEY Play Application ၊ HEY Play YouTube Channel မှ ထုတ်လွှင့်ပြသပြီးဖြစ်သည့် ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ ဇာတ်လမ်းတွဲမှ သရုပ်ဆောင်များနှင့် ပရိသတ်များတွေ့ဆုံပွဲကို ဩဂုတ် ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်သာယာ ရှော့ပင်းစင်တာ၌ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ်ပါဝင်ထားသူ နော်ဖောအယ်ထားထံမှ သိရသည်။

အဆိုပါ ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ ဇာတ်လမ်းတွဲသည် စာရေးဆရာမ လမင်းမိုမို၏ ရေစက်တို့သည်လည်း တစ်ခါတစ်ရံမဆုံဆည်းသာ လုံးချင်းဝတ္ထုကို Soul of Stars အဖွဲ့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ရိုက်ကူးထားသည့် ဒရာမာဇာတ်လမ်းတွဲ ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ စာရေးဆရာမ လမင်းမိုမိုရဲ့ အောင်မြင်ခဲ့တဲ့ ဝတ္ထုဖြစ်ခဲ့သလို ဇာတ်လမ်းတွဲကလဲ အားပေးသူများပြားခဲ့ပါတယ်။ ဇာတ်လမ်းတွဲကိုအားပေးခဲ့ကြတဲ့ ပရိသတ်တွေနဲ့ သရုပ်ဆောင်တွေ အမှတ်တရ ဆုံစည်းကြမဲ့ Fan Meeting ကို ကန်သာယာ ရှော့ပင်းစင်တာမှာ ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ သရုပ်ဆောင်တွေ စုံစုံလင်လင် လာရောက်ကြမှာ ဖြစ်ပါတယ်။ အမှတ်တရ လက်မှတ်ထိုးတာတို့၊ လက်ဆောင်ပေးတာတို့ လုပ်ပါ့မယ်။ နောက် ပျော်ပျော်ရွှင်ရွှင် ဂိမ်းကစားမဲ့ အစီအစဉ်တွေလဲပါပါတယ်" ဟု နော်ဖောအယ်ထားက ပြောပြသည်။

အဆိုပါ ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ အေးမြတ်သူ၊ နော်ဖောအယ်ထားနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Cultivation of maize and sweet corns finishes in Kanbalu Township


A maize field in Kanbalu Township.

**Kanbalu August 23**

A total of 89,264 acres of maize and sweet corns have been planted in Kanbalu Township of Sagaing Region, according to data of Kanbalu Township Agriculture Department.

Local authorities earmarked cultivation of 88,931 acres of maize and 750 acres of sweet corns in Kanbalu Township in 2025-26 monsoon crop cultivation season. But, local farmers have planted 88,931 acres of maize and 333 acres of sweet corns, totalling 89,264 acres against the target cultivation.

"In the upcoming monsoon crop season this year, Kanbalu Township has planned to cultivate 89,681 acres of maize and sweet corn. As of today, 89,264 acres have been planted. We are working to ensure the full target acreage is achieved. To ensure the success of maize cultivation, awareness programmes are being conducted, including measures to prevent pest and disease infestations," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

This year, the Kanbalu Township Department of Agriculture is providing farmers growing seed maize and sweet corn with training courses, field demonstrations, guidance on preventing fall armyworm infestations, and integrated pest management techniques. These include the use of Trichogramma bio-control, as well as ginger and chilli-based pest control methods, along with other agricultural awareness activities.

In Kanbalu Township, it is reported that seed maize yields over 50 baskets per acre, with an average production cost of K500,000 per acre, while sweet corn yields around 15,000 ears per acre, with cultivation costs exceeding K500,000 per acre. 206

# Iranian, European FMs to hold phone call on nuclear issue

**Tehran August 23**

Iran's Foreign Minister Seyed Abbas Araghchi is scheduled to discuss the country's nuclear issue in a phone call with his French, British and German counterparts on Friday, the official news agency IRNA reported.

The European Union foreign policy chief, Kaja Kallas, will also take part in the discussion, IRNA quoted Iranian Foreign Ministry Spokesman Esmaeil Baghaei as saying.

Other issues on the agenda include Iran's demand for the removal of sanctions and the accountability of the European parties for the Israeli-U.S. attacks on Iran's nuclear facilities in June, Baghaei said.

Since last September, Iran and the three European countries of France, Britain and Germany have held several rounds of talks on a range of issues, including Tehran's nuclear program and the removal of sanctions. The latest round took place in Istanbul, Türkiye, in late July.

Over the past months, the Europeans have threatened to reinstate international sanctions on Iran by triggering the snapback mechanism, a clause in a 2015 nuclear deal between Tehran and world powers that would allow the other parties to re-impose all international sanctions should Iran fail to comply with the agreement.

Xinhua

# Farmers cultivate over 2,000 acres of rainfed paddy in Shwebo Township

**Shwebo August 23**

Statistics of Shwebo Township Agriculture Department mentioned that local farmers have planted more than 2,000 acres of rainfed paddy in Shwebo Township of Sagaing Region.

For the 2025–2026 monsoon crop season, Shwebo Township has planned to cultivate 109,400 acres of rainfed paddy. Planting began in June this year, and as of today, 2,253 acres have been completed, according to reports.

"This year, during the monsoon crop season, Shwebo Township has planned to grow over 100,000 acres of rainfed paddy. As of today, more than 2,000 acres have been planted. We are working to ensure the full target acreage is achieved. Necessary technologies and quality seed varieties will be provided for paddy cultivation, and field visits are being conducted to help farmers plant on time," said U San Oo, Head of the Township Department of Agriculture.

It is reported that, during this year's monsoon crop season, the township's Department of Agriculture is cooperating with local farmers to ensure systematic cultivation of rainfed paddy without difficulties.

In Shwebo Township, farmers growing rainfed paddy are being provided with agricultural technical support, pest prevention awareness, guidance to avoid crop loss or damage, and advice on timely post-harvest handling to ensure harvested paddy is stored under cover in time.

This year, rainfed paddy plantations are thriving in Shwebo Township. Agricultural staff from the township department help local farmers select quality seeds of paddy, prevent pests, conduct weeding, remove different strains of crops and systematically use fertilizers in their fields. 206

# Katha Township grows more than 15,000 acres of rainfed paddy this year

**Katha August 23**

According to the data of Katha Township Agriculture Department, local farmers planted more than 15,000 acres of rainfed paddy in the township, Sagaing Region, this year.

For the 2025–2026 monsoon crop season, Katha Township has planned to cultivate 38,510 acres of rainfed paddy. Planting began in May this year, and as of today, 15,930 acres have been completed, according to reports.

"This year, during the monsoon crop season, Katha Township has planned to grow over 38,000 acres of rainfed paddy. As of today, more than 15,000 acres have already been planted, and cultivation is ongoing. We are working to ensure the full target acreage is met. Necessary technologies and quality seed varieties will be provided for paddy cultivation, and field visits are being conducted to help farmers plant on time," said U Ko Lay, Head of the Township Department of Agriculture.

It is reported that, during this year's monsoon crop season, the township's Department of Agriculture is cooperating with local farmers to ensure systematic cultivation of rainfed paddy without difficulties.

In Katha Township, farmers growing rainfed paddy are being given agricultural technical support, pest prevention training, guidance to avoid crop loss or damage, and advice on timely post-harvest handling to ensure the harvested paddy is stored under cover in time.

To ensure that this year's rainfed paddy fields in Katha Township are productive and achieve good yields, township agriculture officials and staff are conducting field visits to provide technical guidance such as selecting quality pure seed varieties, preventing pest infestations, weeding and thinning, removing off-types, and applying fertilizers systematically. 206

# Feature: In Portugal's historic villages, flames test endurance and hope

**Lisbon August 23**

Wildfires raging across central Portugal's Gardunha mountains have encircled several historic villages, forcing evacuations and leaving others under siege.

Castelo Novo, one of Portugal's officially recognized "12 Historic Villages," known for its medieval ruins, picturesque scenery and cultural vitality that draw visitors year after year, is one of the hardest hit. Although the flames are now largely under control, firefighting crews remain stationed nearby, ready to respond to flare-ups at any moment.

On Thursday, as a Xinhua reporter entered the village, the acrid smell of smoke hung in the air, mingling with ash and haze. Flames have already licked the edge of the settlement; scorch marks scar the stone walls at the entrance, and the hills beyond lie charred, their blackened tree trunks leaning at awkward angles. From above, the scene resembles a quiet green oasis marooned in a desert of ash.

Many residents have been evacuated, but some villagers and visitors remain. They gather in the local cafe, sipping coffee as if to ward off the bitter smoke that hangs over the square.

Xinhua


Firetrucks are seen near a site of the wildfire in Unhais da Serra, central Portugal, on Aug. 22, 2025.

# More than 30,000 acres of groundnut cultivated in Budalin Township



A groundnut plantation in Budalin Township.

**Budalin August 23**

Statistics of Budalin Township Agriculture Department stated that local farmers planted 32,164 acres of groundnut as monsoon crops in Budalin Township of Sagaing Region.

In the 2025–2026 monsoon cropping season, Budalin Township has planned to cultivate 34,700 acres of groundnut. Planting began in May this year, and as of today, 32,164 acres have been cultivated, according to reports.

"This monsoon season, we have planned to plant over 34,000 acres of groundnut in Budalin Township. So far, over 32,000 acres have been cultivated. We are working to ensure the target acreage is met. As an oil crop, the prospects are good, and groundnut cultivation has been improving year by year," said U Phyo Wai, Head of the Budalin Township Agriculture Department.

For groundnut cultivation in Budalin Township, one and a half baskets of seed are sown per acre. The total cost per acre including seed, labour charge, fertilizer, and pesticide expenses is reported to exceed K200,000. Each acre yields over 50 baskets on average.

This year, to ensure the success of groundnut fields in Budalin Township, prevent pest and disease outbreaks, and maintain weed-free conditions, staff from the Township Agriculture Department have been making field inspections and recording monitoring data.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Taze Township cultivates over 1,300 acres of rainfed vegetables

**Taze August 23**

A total of 1,351 acres of vegetables have been planted in Taze Township, YeU District, Sagaing Region during this year's rain crops planting season, according to the statistics of the Department of Agriculture for YeU District.

During the 2025-2026 rain crops planting season, 1,352 acres of vegetables have been planted in Taze Township. The planting of these vegetables has started in May this year, and 1,351 acres have been planted to date.

"We are working to achieve the target acres. These are mustards, chili, spices, potatoes, cabbages, and eggplant. We provide farmers with technology to grow all vegetables according to the GAP system. We provide farmers with technology to grow all vegetables with the least chemical residues and in a healthy way," said U Zaw Myint Htun, head of Department of Agriculture for YeU District.



A vegetable plantation.

This year, the Township Agriculture Department is providing technical training to vegetable farmers in Taze Township to grow vegetables using the GAP system, providing technologies to make the vegetables produced from the fields healthy, and helping farmers expand their vegetable cultivation.

206

# Farmers grow over 22,000 acres of green gram in Yaminbin District this year

**Yinmabin August 23**

This year's statistics of Yinmabin District Agriculture Department mentioned that a total of 22,326 acres of green gram has been planted as monsoon crops in Yinmabin District of Sagaing Region.

For the 2025–2026 monsoon crop season, Yinmabin District has planned to cultivate 38,668 acres of rainfed green gram. Planting began in May this year, and as of now, 22,326 acres have been planted.

"This monsoon season, we planned to grow over 38,000 acres of green gram in Yinmabin District. So far, more than 22,000 acres have been planted, and we are working to meet the full target acreage. We are also providing education on expanding cultivation areas and using quality pure seeds to achieve good yields," said Daw Myat Moe Win, Head of the Yinmabin District Department of Agriculture.

By township, this year's planted areas are 2,202 acres in Yinmabin, 4,999 acres in Kani, 10,850 acres in Salingyi, and 4,275 acres in Pale, totalling 22,326 acres.

The planned allocation for the 2025–2026 monsoon season is 5,462 acres in Yinmabin Township, 12,661 acres in Kani Township, 17,043 acres in Salingyi Township, and 3,502 acres in Pale Township—making a total of 38,668 acres.

According to the respective township agriculture offices, farmers are receiving guidance on selecting quality seed varieties suited to the local climate, following proper cultivation methods, preventing pest infestations, applying fertilizers correctly, and improving yields.

For legume cultivation during this monsoon season, officials are also working with farmers to provide the necessary pure seed varieties, inputs, and post-harvest handling techniques to enhance both the yield and quality of crops.

206

# Myaung Township grows over 1,300 acres of rainfed green grams

**Myaung August 23**

More than 1,300 acres of green grams have been planted in Myaung Township, Sagaing District, Sagaing Region during this year's rain crops planting season, according to the statistics of the Department of Agriculture for Sagaing District.

In the 2025-2026 rain crops planting season, Myaung Township has planned to plant 3,057 acres of green grams, and planting has begun since May this year, and 1,302 acres have been planted to date.

"We are continuing to plant green grams. We are working to ensure that the target acres of green grams are planted. We are also conducting field visits to provide necessary technologies, varieties, and pest and disease prevention methods during the rainy season," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The relevant township agriculture department is working with farmers to provide good quality seeds, inputs, and post-harvest technology to improve the yield and quality of green grams during this year's rain crops planting season.

206



A green gram plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အစ္စရေးကုမ္ပဏီက EnforceAir PLUS AI သုံးမောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ်သစ်ကို မိတ်ဆက်ပြသ



အစ္စရေးကုမ္ပဏီ D-Fend Solutions က EnforceAir PLUS အမည်ရှိ AI သုံး မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ်သစ်ကို မိတ်ဆက်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်သည် ဆိုက်ဘာနည်းဖြင့် ဖမ်းယူထိန်းချုပ်ခြင်း၊ ရေဒါဖြင့် ထောက်လှမ်းခြင်းနှင့် လိုအပ်ပါက လိုင်းဖြတ်တောက်ခြင်းတို့ကို ပေါင်းစပ်လုပ်ဆောင်နိုင်မည့်ကျစ်လျစ်စွာဖွဲ့စည်းတည်ဆောက်ထားသည့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေး တစ်ခုပင်ဖြစ်သည်။

ကုမ္ပဏီ၏ ရေဒီယိုကြိမ်နှုန်းဆိုင်ရာ ဆိုက်ဘာနည်းပညာအခြေခံကို အသုံးချပြီး အဆိုပါစနစ်တွင် အလိုအလျောက် ချိန်ညှိနိုင်သောရေဒါနှင့် ဆော့ဝဲအခြေခံ လိုင်းဖြတ်တောက်နိုင်သည့်စနစ်တို့ ထပ်ပေါင်းထည့်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အော်ပရေတာများအနေဖြင့် လျင်မြန်စွာ ပြောင်းလဲနေသော မောင်းသူမဲ့လေယာဉ်ခြိမ်းခြောက်မှုများကို ခုခံတုံ့ပြန်နိုင်သော နည်းလမ်းပေါင်းစုံအသုံးပြုနိုင်စေမည်ဖြစ်သည်။ စနစ်တွင် SmartAir ပေါင်းစပ်အင်ဂျင်ကိုအသုံးပြုထားပြီး ဆိုက်ဘာနှင့် ရေဒါအချက်အလက်များကို စစ်ဆင်ရေးအခြေပြပုံအဖြစ် ပေါင်းစည်းပေးနိုင်မည်ဖြစ်သည်။ ယခုလိုပေါင်းစည်းနိုင်ခဲ့သည့်အတွက် မလိုအပ်ဘဲမှားယွင်းအချက်ပေးသံများလျော့နည်းသွားပြီး ပစ်မှတ်ထားသောမောင်းသူမဲ့လေယာဉ်များကို ပိုမိုကြည်လင်ပြတ်သားစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။ ထို့နောက် EnforceAir PLUS ၏ AI နည်းပညာသုံးမောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ်မှ အချိန်နှင့်တစ်ပြေးညီသင့်လျော်သော တန်ပြန်လုပ်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ကူညီပေးနိုင်သည့်အတွက် လုံခြုံရေးအရ အရေးပါသော လေပိုင်နက်များတွင် အော်ပရေတာများအနေဖြင့် ဆုံးဖြတ်ချက်များ လျင်မြန်စွာချမှတ်လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

အခြားသော မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ်များနှင့်မတူဘဲ EnforceAir PLUS မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ်သည် စနစ်များကို အပြည့်အဝပေါင်းစည်းပြီး ကြိုတင်ချိန်ညှိထားသော ဖွဲ့စည်းမှုပုံစံနှင့် တည်ဆောက်ထားသည့်အတွက် လေ့ကျင့်မှုအနည်းငယ်ဖြင့် တိုက်ပွဲဝင်အသင့် အသုံးပြုနိုင်မည်ဖြစ်သည်။ ဤစနစ်၏ အတွင်းပိုင်းသည် အာရုံခံကိရိယာအများအပြားမှရရှိလာသော ပစ်မှတ်အချက်အလက်များကို မြင်ကွင်းတစ်ခုတည်း အဖြစ်စုစည်းပြသပေးထားသည့်အတွက် ထိန်းကျောင်းရပိုမိုလွယ်ကူပြီး အော်ပရေတာ၏လုပ်ငန်းဝန်ပိမှုကိုလည်း လျှော့ချပေးနိုင်သည်။ စနစ်တွင်ပါဝင်ဖွဲ့စည်းသော ရေဒါကို Echodyne ကုမ္ပဏီထုတ် ကျစ်လျစ်ပေါ့ပါးသော Solid-state panel ပြားများနှင့် တည်ဆောက်ထားသည့်အတွက် ဆိုက်ဘာကိရိယာများဖြင့် လွဲချော်နိုင်သော ထောက်လှမ်းမှုများကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ရေဒီယိုလှိုင်းနှုန်းများကို ဖိဖျက်နှောင့်ယှက်မှုစနစ် ပါဝင်ဖွဲ့စည်းထားပြီး အလိုက်သင့် ပြောင်းလဲလုပ်ဆောင်နိုင်သော Jamming စွမ်းရည်ကို ထပ်ပေါင်းထည့်ပေးထားသည်။ စစ်ဆင်ရေးအခြေအနေများတွင် ကြုံတွေ့ရနိုင်သောလှိုင်းနှုန်းအမျိုးမျိုးကို တန်ပြန်နိုင်ရန်အတွက် လှိုင်းနှုန်းပိုင်းဆိုင်ရာ လျင်မြန်စွာပြောင်းလဲနိုင်စွမ်းလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**AI-Powered Counter-Drone Tech From Israel Blends Cyber Tools, Radar, and Jamming အား ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန် Epirus ကုမ္ပဏီက တန်ပြန်မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးဆန်းသစ်တီထွင်မှုဗဟိုဌာနဖွင့်လှစ်

အမေရိကန်နိုင်ငံ Epirus ကုမ္ပဏီသည် Oklahoma ပြည်နယ်ရှိ Fort Sill တပ်မြို့တွင် တန်ပြန်မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေး(C-UAS) ဆန်းသစ်တီထွင်မှုဗဟိုဌာနကိုဖွင့်လှစ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဗဟိုဌာနကို Epirus Immersive Innovation Center(EIIC)ဟု အမည်ပေးထားပြီး စတုရန်းပေ ၅၃၀၀ ကျယ်ဝန်းသည်။ ယခုဖွင့်လှစ်လိုက်သည့် EIIC ဗဟိုဌာနတွင် လက်တွေ့အသုံးချနိုင်မည့် Leonidas™ စွမ်းအားမြင့်မိုက်ခရိုဝေ့ဖ်စနစ်နှင့် လက်နက်အဖြစ်အသုံးပြုနိုင်သော လျှပ်စစ်သံလိုက်လှိုင်း ဝင်ရောက်နှောင့်ယှက်မှုစွမ်းရည်အပါအဝင် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးနည်းပညာများ တီထွင်သွားမည်ဖြစ်သည်။ ထို့ပြင် ဗဟိုဌာနတွင်စနစ်တကျလေ့ကျင့်နိုင်ရန်အတွက် သဏ္ဌာန်တူလေ့ကျင့်မှုများ၊ ရည်မှန်းချက်တာဝန် စီမံချက်ရေးဆွဲမှုစနစ်များနှင့် အပြန်အလှန်ထိန်းချုပ်လုပ်ဆောင်နိုင်မှုစနစ်များပါဝင်သည်။ အဆိုပါဖွဲ့စည်းပုံသည် စနစ်ကိုထိန်းချုပ်လုပ်ဆောင်သူများ အနေဖြင့် လက်တွေ့ဆန်သော ခြိမ်းခြောက်မှုပတ်ဝန်းကျင်အခြေအနေများဖြင့် အကဲဖြတ်စမ်းသပ်နိုင်မည်ဖြစ်ကာ အသုံးပြုသူအတွက် အတွင်းပိုင်းဒီဇိုင်းကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်နိုင်မည်လည်းဖြစ်သည်။ EIIC ဆန်းသစ်တီထွင်မှုဗဟိုဌာနသည် တစ်နည်းအားဖြင့် အသားကျဖြစ်စေရေး လေ့ကျင့်ရေးဌာနအဖြစ်လည်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။

Epirus ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ EIIC ဗဟိုဌာနသည် တန်ပြန်မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေး(C-UAS)စနစ်များကို တစ်ကြိမ်တည်းဒရုန်းအများအပြားတိုက်ခိုက်ဖျက်ဆီးနိုင်အောင် စွမ်းဆောင်ရည်မြှင့်တင်ရန်ကုမ္ပဏီ၏ရည်မှန်းချက်နှင့် ကိုက်ညီကြောင်းသိရသည်။ အဆိုပါ ဗဟိုဌာနသစ်သည် အင်ဂျင်နီယာများနှင့် တိုက်ပွဲဝင်စစ်သည်များကို တစ်စုတစ်စည်းတည်း တွေ့ဆုံစေမည်ဖြစ်ပြီး ဒီဇိုင်းပုံစံများနှင့်လက်တွေ့အသုံးချမှုကြားကကွာဟချက်ကို ပေါင်းကူးပေးနိုင်မည်ဖြစ်သည်။ ထိုအချက်သည် လက်ရှိ ဒရုန်းခြိမ်းခြောက်မှုများ ကြီးထွားလာနေသည့်အခြေအနေတွင် အလွန်အရေးပါသည်။

အမေရိကန်နိုင်ငံ Oklahoma ပြည်နယ် ကိုယ်စားလှယ်ဖြစ်ပြီး လွှတ်တော်၏ ဘတ်ဂျက်ခွဲဝေရေးကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ Tom Cole သည် EIIC ဗဟိုဌာန တရားဝင်ဖွင့်လှစ်သည့် အခမ်းအနားတွင် Epirus ထိပ်ပိုင်းခေါင်းဆောင်များနှင့် အတူတက်ရောက်ခဲ့သည်။




ဖွင့်ပွဲတွင် "ဒီစင်တာဟာခေတ်သစ်စစ်ပွဲနည်းပညာနဲ့ အမျိုးသားလုံခြုံရေးအတွက် အရေးပါတဲ့ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း၊ ပြိုင်ဘက်တွေတိုးတက်ပြောင်းလဲလာတာနဲ့အမျှ Epirus ရဲ့ Leonidas™ စွမ်းအားမြင့် မိုက်ခရိုဝေ့ဖ်ပလက်ဖောင်းလိုစွမ်းဆောင်ရည်မျိုးတွေဟာ အမေရိကန်နိုင်ငံရဲ့ မဟာဗျူဟာမြောက်အားသာချက်ကို ထိန်းသိမ်းဖို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။ ဒီဗဟိုဌာနဟာ Fort Sill တပ်မြို့မှာရှိတဲ့ ကျွန်တော်တို့ရဲ့ လေကြောင်းရန်ကာကွယ်ရေးစစ်သည်တွေအတွက် ဒရုန်းခြိမ်းခြောက်မှုတွေကို တန်ပြန်ရာမှာ ရှေ့ကနေဦးဆောင်နိုင်ဖို့၊ နောင်လာမဲ့တိုက်ပွဲတွေအတွက် လိုအပ်တာတွေအားလုံးကိုပြင်ဆင်နိုင်ဖို့ ဖြည့်ဆည်းပေးမှာပါ။ Epirus အနေနဲ့လဲ Oklahoma မှာ တိုးချဲ့လုပ်ဆောင်လာကာ ကျွန်တော်တို့ပြည်နယ်ရဲ့ ဆန်းသစ်တီထွင်မှုနယ်ပယ်ကို ပိုမိုခိုင်မာအားကောင်းလာအောင် လုပ်ဆောင်ပေးတဲ့အတွက် ဝမ်းမြောက်ပါတယ်"ဟု Tom Cole က ပြောကြားခဲ့သည်။

**Epirus Opens Counter-Drone Innovation Hub in Oklahoma အား ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ပဲတီစိမ်း ၁၆၆၀၉ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြင်းမူမြို့နယ်အတွင်း ပဲတီစိမ်း ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဌေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇွန်လအတွင်းက ကျားကဏန်းပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကျားကဏန်းများကို ရန်ကုန်စျေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

''ဖျာပုံမြို့နယ်က ထွက်ရှိတဲ့ ကျားကဏန်းအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်စျေးကွက်ထဲ ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်စျေးကွက်က ဒီဘက်က တင်ပို့တဲ့ ရေထွက်ကုန်တွေကို ဝယ်ယူပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ကျားကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ် မူတည်ပြီး စျေးအပြောင်းအလဲ ရှိပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်စျေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်က ကျားကဏန်းတွေကို ဒေသစျေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဌေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်း တစ်ပိဿာလျှင် ငွေကျပ်၁၆၅၀၀မှ ၁၈၅၀၀ ထိ စျေးပေါက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဗေဒါရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၂၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဗေဒါရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုး၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဗေဒါရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိမရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဗေဒါရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း ကြာအင်းဆိပ်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုသက်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီးဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# နတ်မောက်မြို့နယ် ကြက်လျှာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နတ်မောက် ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်လျှာကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၂ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ကြက်လျှာကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြက်လျှာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦးကို ငွေကျပ် ၃၀ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ် ဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ပြောပြ၍ သိရသည်။

**ချိုလေး**


တိုမင် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများအား ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အဆောက်အအုံ အကြီးစားပြင်ဆင်နေသည့် နေရာသို့ရောက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဆောက်အအုံဦးစီးဌာနမှ တာဝန်ရှိသူတို့က ရုံးအဆောက်အအုံပြင်ဆင်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံအား မူလပုံစံမပျက်ဆောက်လုပ်ရန်၊ စံချိန်စံညွှန်းနှင့်အညီ ခိုင်ခံ့မှုရှိစေရေး ပြုပြင်တည်ဆောက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်မှာကြားသည်။




ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (ရုံးချုပ်)၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (ရုံးချုပ်)၊ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတို့၌ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးပြည်သူ့ဘဏ္ဍာရေး ဝန်ဆောင်မှုများပေးရေး၊ ဘဏ်လုပ်ငန်းဆိုင်ရာဥပဒေများနှင့်ကိုက်ညီရေး၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းများ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအချက်အလက်များ မှန်ကန်ကိုက်ညီစေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းစွာဆောင်ရွက်ရေး၊ပြဋ္ဌာန်းထားသောလုပ်ထုံးလုပ်နည်းများအတိုင်း ကိုက်ညီစေရေး၊ ပြည်သူလူထုက အားထားရသော ဌာန၊ အဖွဲ့အစည်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ပပို့ကုန်ကဏ္ဍတွင် ယခင်နှစ်များထက် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ ပို့ကုန်ဝင်ငွေတိုးတက်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ခြင်းနှင့်အတူ လိုအပ်သောသွင်းကုန်ကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသောကြောင့် ညီနောင်အသင်းအဖွဲ့များအနေဖြင့် ပို့ကုန်တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရေထွက်ပို့ကုန်ကဏ္ဍတွင်လည်း GACC ခွင့်ပြုချက်ရရှိပြီးသည့် ရေထွက်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေး၊ ပြည်ပပို့ကုန်ဈေးကွက်သစ်နိုင်ငံများ ရှာဖွေနိုင်ရေး၊ ရော်ဘာ၊ ဆီထွက်သီးနှံ၊ သစ်သီးဝလံစသည့် ပို့ကုန်များထုတ်လုပ်မှု မြှင့်တင်နိုင်ရေး ညီနောင်အသင်းအဖွဲ့များအနေဖြင့် အသင်းဝင်များကို တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ CMP လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်သစ်များရရှိရေး နည်းလမ်းရှာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကိုရှေးရှုပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် အခက်အခဲများရှိက တင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ညီနောင်အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်နှင့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင်များအသင်းမှ သင်္ဘောကုမ္ပဏီ ၁၀ ခု၏ တာဝန်ရှိသူများကိုတွေ့ဆုံပြီး ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်း၊ မြန်မာနိုင်ငံကော့သောင်းဆိပ်ကမ်းတို့မှ ကုန်ပစ္စည်းများသယ်ဆောင်ရာတွင် ကုန်တင်လွှာစနစ်စံပြုလုပ်ငန်းစဉ် (SOP)အရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဥပဒေ၊ နည်းဥပဒေနှင့်သက်ဆိုင်သည့် အကျိုးဆက်များနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဟန်သူ၊ နေပြည်တော်လေတပ်စခန်း စခန်းမှူး၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်း အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောရှိ ဧရိယာ ၈၆၆ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား သုံးမျိုးဖြစ်သည့် ကုလားကုက္ကို၊ ဘောစကိုင်း၊ အော်ရေးရှားသစ်စေ့များဖြင့်ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၂၀၀၀၀၀ ကို ရဟတ်ယာဉ်ဖြင့် နှစ်ခေါက်ကြဲချခြင်း အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကလောခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့်စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှု အထိုက်အလျောက်ထိရောက်မှုရှိကြောင်းနှင့် ၂၀၂၅ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိဆင်သေချောင်း ရေဝေရေလဲဒေသအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောအတွင်း သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှုအခြေအနေများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် နမူနာကွက်များပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက် ပေါက်ရောက်မှု၊ ရှင်သန်နိုင်မှုအခြေအနေကို စာရင်းကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေနံချောင်းစက်မှုဇုန်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် သြဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ရှိ ရေနံချောင်းစက်မှုဇုန်သို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်မှုဇုန်ခန်းမ၌ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ရေနံချောင်းတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဓာတုဗေဒဌာန ပါမောက္ခဌာနမှူး၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်လျှင် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိ၍ ဒေသရှိပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီးဖြစ်၍ ဥပဒေအရ စက်မှုဇုန်အဆင့်အတန်း သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အပြန်အလှန်စစ်ဆေးပြီးဖြစ်ကြောင်း။

ထို့ပြင် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများသည် စျေးကွက်ရှိမှသာ ရေရှည်ရပ်တည်လည်ပတ်နိုင်မည်ဖြစ်၍ ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးကောင်းမွန်ပြီး စျေးနှုန်းသက်သာ၍ ထုပ်ပိုးမှုစနစ်



ကောင်းကောင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စျေးကွက်ဝင်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် စက်မှုလုပ်ငန်းများသည် ဒေသတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း၊ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှု သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ရေး သင်တန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး အင်ဂျင်ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ ဂဟေဆက်သင်တန်း၊ ကာလတိုသင်တန်းများကို လုပ်ငန်းခွင်အရောက် လေ့ကျင့်သင်ကြားပေးလျက်ရှိသဖြင့် လိုအပ်ချက်ရှိပါက လာရောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စက်မှုဇုန်နှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အချက်များ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက စက်မှုဇုန်အား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေ၊ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးက ရေနံချောင်းစက်မှုဇုန်ဆိုင်ရာအချက်အလက်များ၊ ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးတို့က ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ရေနံချောင်း)ကျောင်းအုပ်ကြီးက စက်မှုလုပ်ငန်းများနှင့် ကျောင်းများချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ တာဝန်ရှိသူများက စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မှု၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးမည့်အခြေအနေ၊ စက်မှုဇုန်အတွက် လိုအပ်သောကုန်ကြမ်းရရှိရေး၊ နည်းပညာရရှိရေးအတွက် အသိပညာမျှဝေဆွေးနွေးပွဲများပြုလုပ်ပေးမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုလုပ်ငန်းရှင်များက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် တွေ့ကြုံရသည့်အခက်အခဲများကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်မှုဇုန်အတွင်းရှိ Alpha Vina ကွန်ကရစ်တိုင်များ ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကိုလည်းကောင်း၊ ဝင်း-သမစိတ္တ ဆီစက်တွင် စားသုံးဆီများ ကြိတ်ခွဲထုတ်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ King Golden Dragon Co.,Ltd. ၏ STAR မော်တော်ဆိုင်ကယ်များအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် သြဂုတ် ၂၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းယောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၂၀ တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ပညာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒုတိယအကြိမ်မြောက် ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါပညာအဖွဲ့ နိုင်ငံတကာဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဩဂုတ် ၂၃**

ဒုတိယအကြိမ်မြောက် ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါပညာအဖွဲ့ နိုင်ငံတကာဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Melia Hotelရန်ကုန်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် နီးနွယ်ပညာရှင်အသင်းများမှ ဥက္ကဋ္ဌများ၊ အငြိမ်းစား ဆေးပညာရှင်ကြီးများ၊ ပြည်တွင်း၊ ပြည်ပမှ အထွေထွေရောဂါဆေးပညာနှင့် ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများတက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆီးချိုနှင့်သွေးတိုးရောဂါများကို စောစီးစွာစစ်ဆေးနိုင်ပြီး အချိန်မီကုသနိုင်ရန်အတွက် ကျန်းမာရေးဌာနများတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးဆောင်ရွက်ပေးနေပြီး နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် လျော့နည်းသက်သာစေရေးအတွက် ဆီးချို၊ သွေးတိုးနှင့် အခြားမကူးစက်နိုင်သော ရောဂါများကုသမှုဆေးဝါးများကိုလည်း အခမဲ့ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါဆိုင်ရာ ဆေးပညာရှင်များကိုလည်း ပြည်တွင်း၌ နှစ်စဉ်တိုးမြှင့်လေ့ကျင့်မွေးထုတ်လျက် ရှိသည့်အပြင် ပြည်ပ၌ လေ့လာသင်ကြားမှုများကိုလည်း ခွင့်ပြုပံ့ပိုးပေးလျက်ရှိပါကြောင်း၊ အတွေ့အကြုံ၊ ဗဟုသုတများဖလှယ်ကာ ဆီးချိုနှင့် ဟော်မုန်းရောဂါကုသမှုများအတွက် ပိုမိုအားဖြည့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မျိုးဆက်သစ် ဆေးပညာရှင်များအတွက် ဆေးပညာအသိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ကျောင်းသူလေးများက “မင်္ဂလာပါ” သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအသင်းအဖွဲ့ကြီး (International Diabetes Federation–IDF)၏ဥက္ကဋ္ဌ Professor Peter Schwarz က ပေးပို့သည့် ညီလာခံကြိုဆိုနှုတ်ခွန်းဆက် Video message အား ဖွင့်လှစ်ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း၏ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသန်းသန်းအေးက ညီလာခံကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာတင့်ဆွေလတ်နှင့် မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်း၏ ဥက္ကဋ္ဌတို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသည့် ပညာရပ်ဆိုင်ရာသုတေသနစာတမ်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါညီလာခံကို ဩဂုတ် ၂၃ ရက်မှ ၂၄ ရက်ထိ “ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါကုသမှုများမြှင့်တင်ခြင်း” (Advancing Care in Diabetes and Endocrinology) ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဆေးပညာရှင်များ သာမက ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ဆေးပညာရှင် ၁၄ ဦးတို့က Speaker အဖြစ်ပါဝင် ဆွေးနွေးကြမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ ပညာရှင်ဦးရေ ၄၅၀ ခန့် တက်ရောက်လျက်ရှိကြသည်။

ညီလာခံတွင်ဆွေးနွေးပွဲ (Symposium) ရှစ်ခုခွဲ၍ ဆွေးနွေးကြမည်ဖြစ်ရာ Artificial Intelligence(AI)ကို အသုံးပြုပြီး ဆီးချိုသွေးချို၏ နောက်ဆက်တွဲရောဂါများဖြစ်သည့် မျက်စိအတွင်း သွေးကြောများပျက်စီးကာ အမြင်အာရုံထိခိုက်မှု၊ ကျောက်ကပ်ရောဂါနှင့် အာရုံကြောရောဂါများ ဖြစ်နိုင်ခြေတို့ကိုစစ်ဆေးသည့် ခေတ်မီနည်းပညာသစ်ကို မြန်မာနိုင်ငံတွင် အသုံးပြုဆောင်ရွက်ခဲ့သည့် သုတေသနအပါအဝင် ပြောင်းလဲတိုးတက်လာသည့် နည်းပညာရပ်များဆိုင်ရာဆွေးနွေးပွဲများ၊ ပညာရပ်ဆိုင်ရာပိုစတာ ၃၅ ခုနှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ခင်းကျင်းပြသထားပြီး ညီလာခံမစမီအကြိုအစီအစဉ်အနေဖြင့် သွေးတွင်းဂလူးကို့စ် စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးခြင်း (Continuous Glucose Monitoring–CGM) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MTF PRESIDENT'S CUP TEQBALL OPEN CHAMPIONSHIP 2025 ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ တက်ဂ်ဘောအဖွဲ့ချုပ်(MTF)ကကြီးမှူးကျင်းပသည့်MTF PRESIDENT'S CUP TEQBALL OPEN CHAMPIONSHIP 2025 ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏတွင်ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်၊မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရိသတ်များနှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲအဖြစ် Y.R.G အသင်းနှင့်KYEL SIN အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။




ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ MTF PRESIDENT'S CUP TEQBALL OPEN CHAMPIONSHIP 2025 ပြိုင်ပွဲတွင်ပါဝင်ကူညီပေးသော Sponsor များကို ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ပွဲစဉ်များတွင်တာဝန်ယူခဲ့သော ဒိုင်ကြီးကြပ်နှင့်ဒိုင်လူကြီးများကို ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊MTF PRESIDENT'S CUP TEQBALL OPEN CHAMPIONSHIP 2025 ပြိုင်ပွဲတွင် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပထမ၊ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသော အသင်းများကို တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုဖလားတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က စုပေါင်းတံခွန်စိုက်ဆုရရှိသည့် Y.R.G အသင်းကို စုပေါင်းတံခွန်စိုက်ဆုအား ပေးအပ်ချီးမြှင့်သည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်အတွင်းရှိ သန်လျင်မြို့နယ် ကျောက်တန်းမြို့နယ် သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်တို့မှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များသို့ ဆန်နှင့်ဆီပေးအပ်ပွဲအခမ်းအနားကို သန်လျင်ခရိုင် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များကို ပေးအပ်ကြရာ အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က တပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၈၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၂၆ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ဦးရေ ၈၆၀ ကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နမ့်စန်မြို့နယ်၊ လင်းခေးမြို့နယ်၊ ကွန်ဟိန်းမြို့နယ်နှင့် လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၊လင်းခေးမြို့နယ်၊ ကွန်ဟိန်းမြို့နယ်နှင့် လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၂ ရက် ညနေပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးကအမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

# နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအားပေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက ကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ကျောင်းသား၊ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း အသီးသီးပေးအပ်သည်။


ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု အခြေအနေများနှင့် ကျောင်းဝင်းအတွင်း၊ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

❒ နေရာကွက်၍မိုးကြီးနိုင်မှု


နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၃-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၈-၂၀၂၅ ရက်နေ့မှ ၂၇-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၃-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၈-၈-၂၀၂၅ ရက်နေ့မှ ၂၉-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၃၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၄ ဦးကို သွေးအမျိုးအစားစစ်ဆေးပေးခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ငါးဦးကို ငှက်ဖျားရောဂါပိုး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူ ၃၂ ဦးတို့ကို ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသား ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



# နမ့်စန်မြို့နယ်နှင့် မော်ဘီမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် နယ်မြေခံတပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးရွာဘုန်းတော်ကြီးကျောင်း၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၁၁၁ ဦးတို့ကို သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်အား နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် အင်းလျက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ၄၃ ပါးနှင့် ဒေသခံပြည်သူ ၈၅ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အင်းလျက်ကျေးရွာရှိ ကွမ်းခြံကုန်း၌အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး)တည်ဆောက်ရေးစီမံကိန်း၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး)ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ပြောကြားပြီး စီမံကိန်းအတွင်း ကြည့်ရှုသည်။

ထို့နောက် ညောင်ပင်သာကျေးရွာ ဝက်ဝံကျေးရွာအုပ်စုတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး GW-11, DU-16 , အောင်နိုင်တိုး၊ ရွှေရင်အေးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်များသို့ရောက်ရှိပြီး တောင်သူများကို စပါးသီးနှံ၊ဆီထွက်သီးနှံအပါအဝင် အဓိက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနေမှုများ၊ တောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စိုက်ပျိုးဆောင်ရွက်ရေး၊ စိုက်ပျိုးနည်းစနစ်ကောင်းများကို လိုက်နာကျင့်သုံးဆောင်ရွက်သွားရေးနှင့် တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေးတို့ကို ပြောကြားပြီး စမ်းသပ်စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်နေမှုများနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စံပြကွက်တွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ စုပေါင်းကြဲပက်နေမှုများကို ကြည့်ရှုအားပေးကာ တောင်သူများ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်လှိုင်ကျေးရွာအုပ်စုရှိ ၂၀၂၅-၂၀၂၆ ခုနှစ် အစေ့ထုတ်ပြောင်း ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်သို့ရောက်ရှိပြီး တောင်သူဦးဇင်မင်းထွဋ်၏ မိုးအစေ့ထုတ်ပြောင်းစိုက်ခင်း ၄၂ ဧကနှင့် မိုးမြေပဲစိုက်ခင်း ၁၈ ဧကတို့တွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို လိုက်လံကြည့်ရှုပြီး ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နောင်ခမ်းကြီးရပ်ကွက်အနီးရေဆင်းဇရိယာ ၆ ဒသမ ၆၃ စတုရန်းမိုင် နှစ်စဉ် ပျမ်းမျှစီးဝင်ရေကေပေ ၇၀၀၀ ရှိ ဆင်လမ်းရေလှောင်တမံသို့ရောက်ရှိပြီး ပြင်ဦးလွင်မြို့တွင် နေထိုင်လူဦးရေတိုးပွားလာမှုအတွက် ရေပိုမိုပေးဝေနိုင်ရန် ဆင်လမ်းဆည်အား ယခင် ကန်ရေပြည့်ရေမှတ် ၃၇၂၆ ပေမှ ယခု ၃၇၂၈ ပေ ထိ နှစ်ပေတိုးမြှင့်ရေသိုလှောင်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆင်လမ်းတမံအတွင်း ရေဝင်ရောက်မှုနှင့် သောက်သုံးရေပေးဝေနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေးနှင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းအနီး စခန်းဘူတာလမ်းခွဲအနီးရှိ ဒေသထွက်ကုန် ပစ္စည်းအရောင်းဆိုင်တန်းများကို စနစ်တကျဖြစ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး ရန်ပုံငွေဖြင့် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်နေသည့် အနီးစခန်း ဈေးတန်း၊ ဈေးဆိုင်ခန်းများ တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် ဩဂုတ် ၂၃ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ် မှ ၂၅ နှစ်ဟူ၍ အသက်အရွယ်အပိုင်းအခြား သုံးခုခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy နှစ်စုံပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myat-thujack@gmail.comသို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင် ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | JPG A3 (297 x 420 mm) with the correct aspect ratio၊ |
| (၂) | Resolution | 300 dpi၊ |
| (၃) | File Size | 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပိုစတာရေးဆွဲရာတွင် tabletများ၊stylusများ၊ကွန်ပျူတာပရိုဂရမ်များအသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy နှစ်စုံနှင့် Soft Copy CD တစ်ချပ်ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏Website: www.accm.gov.mm တို့တွင်အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင် ညွှန်ကြားရေးမှူး အနုပညာဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၀၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | File Submission Format | JPG၊ A3 (297x420 mm) with correct aspect ratio၊ |
| (၂) | Resolution | 300 dpi၊ |
| (၃) | File Size | 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Char-coal၊ Ink၊ Capillary Pen စသည့် ကိရိယာများ အသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Soft Copy (CD)နှစ်ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mailဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mmတို့တွင် အခမဲ့Downloadရယူနိုင်ပြီး ဒေါ်ခင်မိုးဥ ညွှန်ကြားရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | mp4 ၊ |
| (၂) | Resolution | 3840 x 2160 p ထက် မပိုစေရ၊ |
| (၃) | File Size | 300 Mb ထက် မပိုစေရ၊ |
| (၄) | Duration | 120 Seconds ထက် မပိုစေရ၊ |
| (၅) | Sound | 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်၊ရှင်းလင်းချက်စာသား(ပိုစတာများနှင့်ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ(ဗီဒီယိုများအတွက်)ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များ)နှင့် နိုင်ငံစသည့် အချက်အလက်များပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့်ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံးပိုစတာ၊ ပန်းချီနှင့်ဗီဒီယို ၁၀ ခုစီကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဓာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်များကို မှန်ကန်စွာဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intel-ligence (AI)နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# နောင်ချိုမြို့နယ်တွင် အသက် ၁၅ နှစ်အောက် ကလေးများကို အမီလိုက်(Big Catchup)နည်းလမ်းဖြင့် လိုအပ်သောကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးလျက်ရှိ

နောင်ချို သြဂုတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၀ ကို ပြန်လည်ဖွင့်လှစ်ထားပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများကို ကွင်းဆင်း၍ ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်း၊ အသက် ငါးနှစ်အောက်နှင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများဖြစ်ပွားနိုင်ခြေများပြီး အစုအဝေးဖြင့် နေထိုင်သော နေရာများမှ အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများမရရှိခဲ့သည့် အသက် ၁၅ နှစ်အောက်ကလေးများကို အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများအား အထူးအစီအစဉ်ဖြင့် ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း (Special Im-munization Activities)၊ အမီလိုက်(Big Catchup)နည်းလမ်းတို့ဖြင့် ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ဇူလိုင် ၂၅ ရက်မှ သြဂုတ် ၂၂ ရက်ထိ နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၀၃၁ ဦးကို လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး အသက် ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ် အသက် ၁၅ နှစ်အောက် ကလေးဦးရေ ၁၆၀၀ ကို လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




**ကျန်းမာရေးဝန်ကြီးဌာန**

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ**

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

**❍ ဖမ်းဆီးရမိမှ**

စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့ အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၆ ဒသမ ၇၁၄ တန်၊ သစ်မာ သုည ဒသမ ၄၅၈ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၈၃၄၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ် ဥယျာဉ်မြောက်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၀၀၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၃၉၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


အလားတူ ဩဂုတ် ၁၅ ရက်တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေး မှုများဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့အတွင်း၌ မော်တော်ယာဉ် ၁၄ စီးပေါ်မှ တရားဝင် စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၄၇ မျိုး၊ စားသောက် ကုန်ပစ္စည်း ၁၅ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၉၅၈၄၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck လေးစီး၊ Hino Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Hino Profia Truck သုံးစီး၊ Nissan Diesel Tractor Head သုံးစီး၊ Nidi Truck တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် လေးတွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၄၅၈၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၃ ရက်တွင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါး မျိုးစုံ လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၈၅၀၀ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ၁၃ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၂၂ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်မှ ၂၃ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၆၅ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၅၆၁၉၉၄၆ ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ် လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက် စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိ သူများက ယခုထက်ပိုမို၍ တားဆီး စစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**





















**☆ ကျောဖုံးမှအဆက်**

ပွဲချိန် မိနစ် ၉၀တွင် ရှင်းသန့်ဖြူစင်ပြီးတို့က မြန်မာအသင်းအတွက် သွင်းဂိုးများသွင်း ယူနိုင်ခဲ့ပြီး ကမ္ဘောဒီးယားအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် Thida Rith က သွင်းယူပေးနိုင် ခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် သုံးသင်းပါ သုံးအုပ်စုဖြင့် ကျင်းပနေပြီး အုပ်စုပထမ နေရာမှ အသင်းသုံးသင်းနှင့် အကောင်းဆုံး အုပ်စု ဒုတိယနေရာရရှိသည့် အသင်းများ မှာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင် မည်ဖြစ်သည့်အတွက် မြန်မာအသင်း အနေဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက် နိုင်ရန် အခြေအနေကောင်းမွန်လာခဲ့ပြီး ဩဂုတ် ၂၅ ရက်တွင် ဗီယက်နမ်အသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။ STA

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ် တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုး ပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြု ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါ အဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်–

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလို လက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွား ခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ် ကြီးသူများ၊ ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင် များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

# စကားပြောဆိုရာအလေးထားပါ

**ကိုယ်ဥ်ချစ် ( မန္တလေး )**

လူတို့သည် စကားပြောခြင်းကို မဖြစ်မနေ လုပ်ဆောင်ကြရသည်။ စကားတစ်ခွန်းသည် ကောင်းကျိုးများရှိနိုင်သကဲ့သို့ ဆိုးကျိုးများလည်း ရနိုင်သည်။ လူတချို့က စကားပြောဆိုခြင်းကို သာမန်ကိစ္စတစ်ခုဟု မှတ်ယူထားကြသော်လည်း စကားပြောဆိုခြင်းသည် အတတ်ပညာတစ်ခုဖြစ်သည်။

စကားဆိုသည်မှာ အနက်အဓိပ္ပာယ်ရှိသော နှုတ်မြွက်သံ။ ပြောဆိုချက်။ ဆိုရိုးစကား။ ဘာသာစကားဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လူတို့သည် နံနက်အိပ်ရာထချိန်မှ ညအိပ်ရာဝင်ချိန်ထိ စကားပြောဆိုရင်း အလုပ်လုပ်ကြသော်လည်း စကားပြောခြင်းက အရေးပါသည်ကို အချို့လူများ သတိမမူမိကြပေ။

စကားပြောရာတွင် ပြောသင့်၊ မပြောသင့်သည့် စကားခြောက်ခွန်းကို ဗုဒ္ဓမြတ်စွာဟောကြားခဲ့သည့် ပါရာဇိကအဋ္ဌကထာတွင် လေ့လာရသည်။ (၁)ဟုတ်လည်းမဟုတ်၊ သူလည်းနာလို၊ အကျိုးလည်းမရှိ။ (၂)ဟုတ်လည်းမဟုတ်။ သူလည်းမနာလို၊ အကျိုးလည်းမရှိ။ (၃)ဟုတ်လည်းမဟုတ်၊ အကျိုးလည်းမရှိ၊ သူကားနာလို၏။ (၄)ဟုတ်လည်းဟုတ်၏။ သူလည်းမနာလို၏၊ အကျိုးကားမရှိ။ (၅)ဟုတ်လည်းဟုတ်၏၊ အကျိုးလည်းရှိ၏၊ သူကားမနာလို။ (၆) ဟုတ်လည်းဟုတ်၏၊ အကျိုးလည်းရှိ၏၊ သူလည်းနာလို၏ ဟူ၍ဖြစ်သည်။ စကားခြောက်ခွန်း လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်ဟု ပညာရှိများက ရေးဖွဲ့ခဲ့ကြသည်။ စကားခြောက်ခွန်းထဲမှ ၁၊ ၂၊ ၃၊ ၄ ကိုမပြောဆိုရန်နှင့် ၅ နှင့် ၆ ကိုသာ ပြောဆိုရန်ဖြစ်သည်။

နှုတ်ကြောင့်သေ လက်ကြောင့်ကြေ၊ ကြမ်းကျွံလျှင် နှုတ်၍ရသည် စကားကျွံလျှင် နှုတ်မရ၊ စကားလွန်ကျွန်ဖြစ်၊ တံတားအိုမှောင်ကိုမလျှောက်နှင့်၊ စကားဆိုတောင်လိုမမောက်နှင့်၊ စကားနောက်တရားပါ၊ စကားများကအမှားပါ၊ ဆိုခဲစေမြဲစေ စသည်ဖြင့် စကားပြောဆိုရာတွင် ဆင်ခြင်နိုင်ကြရန် ရှေးပညာရှိ များက ရေးသားဆုံးမခဲ့ကြသည်။

စကားစကားပြောပါများ၊ စကားထဲကဇာတိပြ ဆိုသကဲ့သို့ စကားတစ်ခွန်းသည် ပြောဆိုသူ၏ အရည်အချင်း၊ စရိုက်လက္ခဏာ၊ စိတ်နေသဘောထားများကို ပေါ်လွင်နေသည်။ မှန်ကန်သည့် စကားတစ်ခွန်းကြောင့် ကောင်းကျိုးများရရှိနိုင်သကဲ့သို့ စကားအမှားကြောင့် မိတ်ဆွေများဆုံးရှုံးခြင်း၊ ဆက်ဆံရေးပျက်ပြားခြင်း၊ အများ၏အကျိုးကို ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်စေသည်။

စကားပြောကြရာတွင် နှုတ်မှပြောဆိုခြင်း၊ ဟန်ပန်အမူအရာဖြင့် ပြောဆိုခြင်း၊ စာရေး၍ပြောဆိုခြင်း စသည်တို့ဖြင့် ဆက်ဆံပြောဆိုကြသည်။ မည်သည့်နည်းဖြင့်ပြောကြားသည်ဖြစ်စေ လူမှုဆက်ဆံရေးနယ်ပယ်တွင် ပြောသင့်မပြောသင့်ကို ချင့်ချိန်ပြောဆိုခြင်း၊ ပြောသင့်သည့်အချိန်၌သာ ပြောဆိုခြင်း၊ ကောင်းကျိုးဖြစ်စေမည့်စကားကို ရွေးချယ်ပြောဆိုခြင်းများကိုပြုသင့်ပြီး သူတစ်ပါး၏အကျိုးကို ထိခိုက်စေမည့် စကားပြောဆိုခြင်းကို ရှောင်ကြဉ်ပြောဆိုသင့်သည်။

အများလက်ခံနိုင်သည့် မှန်ကန်သောစကား၊ ယုံကြည်ရသောစကား၊ မှျတသောစကား၊ ကိုးကားမှီငြမ်းနိုင်သောစကား၊ သာယာနာပျော်ဖွယ်ရာစကား၊ မှတ်သားလိုက်နာဖွယ်ရာစကား၊ ယဉ်ကျေးပြေပြစ်သောစကား၊ စည်းလုံးညီညွတ်မှုကိုဖြစ်စေသောစကား၊ အထောက်အထားအခြေအမြစ်ရှိသောစကားနှင့် အကျိုးအကြောင်းအပေါ် ဆင်ခြင်ပြောဆိုသောစကားများကို အလေးထားပြောဆိုသင့်သည်။

> ❖ မည်သည့်အခြေအနေတွင် စကားပြောဆိုရသည်ဖြစ်စေ ပြောဆိုမည့် အကြောင်းအရာကို ကြိုတင်လေ့လာပြင်ဆင်ခြင်း၊ စိတ်ကောင်း နှလုံးကောင်းဖြင့် စေတနာပါသောစကားများကို ပြောဆိုခြင်း၊ အများကောင်းကျိုးအတွက် ဦးတည်ပြောဆိုခြင်း၊ ကိုယ်ဟန်အမူအရာ ယဉ်ကျေးသိမ်မွေ့စွာပြောဆိုခြင်း၊ လေယူလေသိမ်းကို ဂရုပြု၍ နားထောင်ချင်စဖွယ်ပြောဆိုခြင်း၊ အများနားလည်လွယ်သည့်စကားလုံးများကို ရွေးချယ်ပြောဆိုခြင်း၊ ရှင်းလင်းပီသစွာပြောဆိုခြင်း၊ ပြောဆိုသည့် အကြောင်းအရာ၏ ဦးတည်ချက်ရောက်အောင် ပြောဆိုနိုင်ရန် ဂရုပြုသင့်သည်။❖

အချို့လူများက မိမိသိထားသလောက်၊ တတ်ထားသလောက်အသိဖြင့် လိမ်ညာလှည့်ဖြားသောစကား၊ လိုရာသို့ဆွဲ၍ ပြောသောစကား၊ ကုန်းချောကုန်းတိုက်သောစကား၊ သူတစ်ပါးအပေါ် ပြစ်တင်ရှုတ်ချသောစကား၊ ရန့်ရင်းကြမ်းတမ်းသောစကား၊ ဆဲရေးတိုင်းထွာပြောဆိုသည့်စကား၊ အတင်းအဖျင်းစကား၊ နှစ်လိုဖွယ်မရှိ မခံချိမခံသာ ဖြစ်စေသောစကား၊ သူတစ်ပါးအချိန်ကို ဖြုန်းတီးစေသောစကားများကိုပြောဆိုတတ်ကြသည်။ ဤစကားမျိုးများကို ရှောင်ကြဉ်သင့်သည်။

ရှေးခေတ် မြန်မာမင်းအဆက်ဆက်တွင်ပညာရှိများစွာ ထွန်းပေါ်ခဲ့ကြသည်။ ထိုပညာရှိကြီးများ ရေးသားခဲ့ကြသည့် စာပေများထဲတွင် စကားပြောခြင်းနှင့်ပတ်သက်၍ လိုက်နာရန်၊ ရှောင်ကြဉ်ရန် အချက်များကို မှတ်သားလိုက်နာကြရသည်။

အင်းဝခေတ် ရှင်မဟာသီလဝံသ၏ တိလောကဟု ဆုံးမစာတွင် "တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ တထောင့်စကား၊ တဟားဟားသည်၊ ရိုင်းကားမိုက်မဲ မပြောနှင့်" ဟု လည်းကောင်း။ ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာဆုံးမစာတွင် "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ချိုလှစေ"ဟု လည်းကောင်း ရေးသားဆုံးမခဲ့ကြသည်။ ဆုံးမစာများသည် နှစ်ကာလများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင်အောင် လိုက်နာဆောင်ရွက်နေကြရဆဲဖြစ်သည်။

စကားပြောကြရာတွင် ဟန်ပန်အမူအရာဖြင့်လည်းပြောဆိုတတ်ကြသည်။ ပြုံးပြခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်း စသည်တို့အပြင် ကိုယ်လက်အင်္ဂါများကို ပုံစံအမျိုးမျိုးပြုလုပ်ကာ ပြောလိုသည်ကို ပြောဆိုခြင်းဖြစ်သည်။ သီချင်းဆိုခြင်း၊ ပြဇာတ်ရုပ်ရှင်များတွင် သရုပ်ဆောင်၍ သိစေလိုသည့်စကားများကို ပြောကြားခြင်းမျိုးဖြစ်သည်။ ကောင်းမွန်သည့် လက္ခဏာများရှိသကဲ့သို့ မသင့်လျော်မှုများလည်း ရှိတတ်ကြောင်း သတိမူသင့်သည်။

နောက်တစ်မျိုးမှာ စာရေး၍ ပြောဆိုခြင်းဖြစ်သည်။ လူချင်းဝေးကွာနေသော်လည်း သိစေလိုသည့် အကြောင်းအရာ၊ ပြောလိုသည့်စကားများကို စာရေးဆက်သွယ်ခြင်း၊ စာအုပ်စာစောင်များတွင် ရေးသားခြင်းနည်းလမ်းဖြစ်သည်။ မျက်မှောက်ကာလ ပြောင်းလဲတိုးတက်မှုများနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင် နည်းပညာများ အသုံးပြုလာကြသည်။ နည်းပညာများသည် အံ့သြဖွယ်ကောင်းလောက်အောင် ဆန်းသစ်သည့်ဖန်တီးမှုများ ရှိလာသည်။ ပြောလိုသည့်စကားများကို လက်ကိုင်ဖုန်းများတွင် ထည့်သွင်းထားသည့် ဆော့ဖ်ဝဲလ်များကို အသုံးပြု၍ ဆက်သွယ်ပြောဆိုကြသည်။ ကောင်းကျိုးများရရှိကြသကဲ့သို့ ဆိုးကျိုးများစွာလည်း ဖြစ်ပေါ်လျက်ရှိသည်။ နည်းပညာများကို အသုံးချရာတွင် အသုံးပြုသူများ၏ ဉာဏ်ရည်ဉာဏ်သွေး၊ ခံယူနိုင်မှု၊ တုံ့ပြန်နိုင်မှုကိုယ်ခံစွမ်းအားများ ပြည့်ဝနေရန်လိုအပ်သည်။

နောက်တစ်မျိုးမှာ တစ်ဦးနှင့် အများဆက်ဆံပြောဆိုသည့် စကားပြောခြင်းဖြစ်သည်။ တရားပွဲများ၊ ဟောပြောပွဲများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ စကားဝိုင်းများ၊ သင်တန်းများ၊ ကျပန်းစကားပြောပွဲ၊ စကားရည်လုပွဲ၊ စကားစစ်ထိုးပွဲ စသည်တို့တွင် ပြောဆိုခြင်းမျိုးဖြစ်သည်။

ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများတွင်လည်း ဆောင်ရွက်မည့်လုပ်ငန်းများကို အစည်းအဝေးများ၊ ဆွေးနွေးပွဲများတွင် အကြီးအကဲများမှ ဦးဆောင်ကာ ပြောဆိုဆွေးနွေးကြသည်။ သင်တန်းများတွင်လည်း ဘာသာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်သူများက သင်ကြားပို့ချပေးကြသည်။

မည်သည့်အခြေအနေတွင် စကားပြောဆိုရသည်ဖြစ်စေ ပြောဆိုမည့်အကြောင်းအရာကို ကြိုတင်လေ့လာပြင်ဆင်ခြင်း၊ စိတ်ကောင်း နှလုံးကောင်းဖြင့် စေတနာပါသောစကားများကို ပြောဆိုခြင်း၊ အများကောင်းကျိုးအတွက် ဦးတည်ပြောဆိုခြင်း၊ ကိုယ်ဟန်အမူအရာ ယဉ်ကျေးသိမ်မွေ့စွာပြောဆိုခြင်း၊ လေယူလေသိမ်းကို ဂရုပြု၍ နားထောင်ချင်စဖွယ်ပြောဆိုခြင်း၊ အများနားလည်လွယ်သည့်စကားလုံး များကို ရွေးချယ်ပြောဆိုခြင်း၊ ရှင်းလင်းပီသစွာပြောဆိုခြင်း၊ ပြောဆိုသည့် အကြောင်းအရာ၏ ဦးတည်ချက်ရောက်အောင် ပြောဆိုနိုင်ရန် ဂရုပြုသင့်သည်။

လိမ်ညာသောစကား၊ ရင့်သီးသောစကား၊ ကြမ်းတမ်းသောစကား၊ အဓိပ္ပာယ်နှစ်ခွထွက်သောစကား တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲစေရန် တိုက်တွန်းသောစကား၊ တစ်ဖက်သားအပေါ် တိုက်ခိုက်သောစကားများ၊ မိမိလည်းအကျိုးမရှိ၊ သူတစ်ပါးလည်း အကျိုးမရှိသော၊ အနှစ်သာရမရှိသောစကားများကို ရှောင်ကြဉ်ပြောဆိုသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် လူတိုင်း နေ့စဉ် စကားပြောဆိုခြင်းသည် လူမှုဆက်ဆံရေး နယ်ပယ်တွင် နက်ရှိုင်းကျယ်ပြန့်သည်။ စကားတစ်ခွန်းကြောင့် ကောင်းကျိုးများရရှိစေနိုင်သကဲ့သို့တစ်ဦးနှင့်တစ်ဦး အမုန်းပွားကာ မိတ်ဆွေမှ ရန်သူ အသွင်ပြောင်းသွားသည်ထိဖြစ်တတ်သည်။ တစ်ခါ တစ်ရံ စစ်ပွဲကြီးများထိ ဖြစ်သွားတတ်သည်။ သို့ပါ၍ စကားပြောဆိုခြင်းကို သာမန်ကိစ္စတစ်ခုသဖွယ် သဘောမထားဘဲ အလေးထားပြောဆိုသင့်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

**- ဆရာကြီးဦးသုခ၏ မှတ်အပ်မှတ်ရာ မှတ်စုပဒေသာသုခမှတ်စု**

**- လောကကြေးမုံ၊ လေးမြင့်**

**- နေ့စဉ်ထုတ်သတင်းစာများ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမုတ် ပိဿာချိန် ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီးလပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမုတ်ပိဿာချိန် ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်ကပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးမုတ်ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လ တစ်လအတွင်း ငါးမုတ် ပိဿာချိန် ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှု ကောင်းလာခြင်းကြောင့် တင်ပို့မှုကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ ပိုမိုတင်ပို့ရောင်းချတာ ကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးမုတ် ပိဿာချိန် ၆၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့မှုတက်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ တင်ပို့မှုကောင်းလာတော့ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ရန်ကုန်ဘက်ကို ရေထွက်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသထွက် ရေထွက်ကုန်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှ အခြားဒေသများသို့ ပြန်လည်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဝတ္ထုတိုကလျာ

# အသိုက်အမြုံ

ချစ်သက်(မြန်မာစာ)



(၁)

ရွာဦးကျောင်းမှ ကလတက်ခေါက်သံနှင့်အတူ ကျေးငှက်တို့၏အသံများကို တဖြည်းဖြည်းကြားလာရသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အသက်ဝင်လာလေ၏။ ဒေါ်ခင်ဝင်းသည် ကလတက်ခေါက်သံကြားသည်နှင့် အိပ်ရာဘေးတွင်ရှိသော မီးခြစ်နှင့်မီးခွက်ကို ကောက်၍ မီးထွန်းလိုက်၏။ ထို့နောက် မီးဖိုချောင်ထဲရှိရေအိုး ထဲမှရေကိုခပ်ကာ မျက်နှာသစ်လိုက်သည်။ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုရန် အိမ်ပေါ်သို့တက်လိုက်၏။ ဘုရားကျောင်းထဲရှိ ဘုရားရုပ်တုကို ရေဖြင့်သပ္ပာယ်ပြီး ဆီမီး၊ ရေချမ်းကပ်လှူဒါန်းလိုက်သည်။ ထို့နောက် ဘုရားရှိခိုးရန် ဦးတည်လိုက်လေ၏။ သရဏဂုံဆောက်တည်ပြီး ငါးပါးသီလဆောက်တည်သည်။ မေတ္တာသုတ်ရွတ်ဖတ်ပြီး ၂၄ ပစ္စည်းပဋ္ဌာန်းပါဠိတော်ကို အသံထွက်ပီသစွာ ရွတ်ဖတ်ပူဇော်သည်။ ထိုသို့ ဒေါ်ခင်ဝင်း ရွတ်ဖတ်သရဇ္ဈာယ်သလို ခေါင်းရင်းအိမ်မှ ဒေါ်အေးလှသည်လည်း အပြိုင်အဆိုင် ရွတ်ဖတ်သရဇ္ဈာယ်နေ၏။ အမျှဝေကြ၏။

သားသမီးများက လိမ္မာကြသောကြောင့် အဘွားအို နှစ်ယောက်စလုံး အပူအပင်မရှိ ဘုရားတရားကို အေးချမ်းစွာလုပ်ခွင့်ရကြသည်။ အဘွားအိုနှစ်ယောက် အမျှဝေပြီးသောအခါ သားသမီးအားလုံးအိပ်ရာနိုးကြကုန်ပြီ။ ကျေးငှက်တို့၏ အသံများကိုလည်း ပီပြင်စွာ ကြားရလေပြီ။ နေမင်းကြီးသည်လည်း လောကကြီးကို အလင်းရောင်ပေးဖို့ နိုးထလာလေပြီ။ အဘွားအိုနှစ်ယောက်သည် ဘုရားဝတ်ပြုအပြီး အိမ်ရှေ့ကွက်လပ်တွင် စာကလေးများကို အစာကျွေးကြလေ၏။ အဘွားအိုနှစ်ယောက်၏ မေတ္တာတရားကြောင့် ဤပတ်ဝန်းကျင်သည် အလွန်အေးချမ်းသည်တကား။

(၂)

"ခင်ဝင်းရေ ဒီမှာ အိမ်က ငါးသံပရာပေါင်းလုပ်လို့ နင် စားလို့ကောင်းအောင် လာပေးတာ၊ ရေဉ့ယူထား၊ မနက်က နင့်ကို ကျေးဇူးတင်တယ်သိလား၊ နင် ဘုရားစာ ရွတ်သံကြားမှ အိပ်ရာထဲက အလူးအလဲထရတယ်။ တော်သေးတာပေ့ါ၊ နို့မို့ဆို ငါတော့ သီလယူတာ နောက်ကျတော့မှာ ကျေးဇူးပါ အဘွားကြီးရေ"

"ချမ်းသာရေ နင့်အဘွားပေးတဲ့ ငါးသံပရာပေါင်းလေးလာယူပြီး သိမ်းပေးပါအုံး၊ တစ်လက်စထဲ အိမ်မှာချက်တဲ့ ဝက်သားနီချက်လဲ ထည့်ပေးလိုက်၊ ဆွမ်းလောင်းဖို့ အရင်ဖယ်အုံးနော်၊ ဆွမ်းပါ တစ်ခါထဲ ခူးထားလိုက်"

"ဟုတ်ကဲ့ပါ အမေ၊ အားလုံးအဆင်သင့်လုပ်ထားလိုက်မယ်"

"အဲ့ဒါပဲကြည့် အေးလှရေ သားတစ်ယောက် အငယ်ဆုံးမို့လို့၊ နင်ပေးတဲ့ဟင်း ထမင်းစားချိန်ကျန် ကံကောင်း၊ တော်တော်အစားပုတ်တဲ့ကောင် ဟဲဟဲ...."

သိပ်မကြာလိုက် ချမ်းသာတစ်ယောက်ချိုင့်ဆွဲ၍ ထွက်လာသည်။

"အဘွားရေ ကျေးဇူးပဲ၊ ငါးသံပရာအနံ့က သိပ်ဆွဲဆောင်တာပဲ၊ ဗိုက်တောင်ဆာတယ်၊ ကျေးဇူးနော် အဘွား နောက်လဲ များများပို့နိုင်ပါစေ"

"ကျေးဇူးပါ ခင်ဝင်းရယ် ငါတို့နှစ်ယောက်လဲ သားသမီးတွေ လိမ္မာလို့ပေ့ါ၊ အိုဇာတာ ကောင်းတာ၊ အသက်ကြီးမှ တရားရဲ့အရသာကို ကောင်းကောင်းသိတော့တယ်"

"ဒါပေ့ါ ဒါပေ့ါ အေးလှရယ်၊ ငယ်တုန်း ရွယ်တုန်းကတော့ ဘုရားမေ့ တရားမေ့ စီးပွားရေးမှ စီးပွားရေးပဲ၊ ဘုရားတရားမေ့နေလိုက်တာ၊ အသက်ကြီးမှ တရားမှီဆိုသလို ဖြစ်နေတယ်"

"ဒါပေ့ါအေ ငါတို့ဘဝက ရေဘူးနဲ့ဖိနပ်မပါရင် နွေခါမှသိမယ်၊ ဒါနနဲ့ သီလမပါရင် သေခါမှသိမယ် ဆိုသလိုပဲ"

"ကဲ ခင်ဝင်းရေ ဆွမ်းခံသံဃာတော်တွေတောင် ကြွလာပြီ၊ ငါသွားပြီဟေ့"

အဘွားဒေါ်အေးလှသည် ခြံစည်းရိုးဖောက်ထားသော လူသွားလမ်းလေးမှ အလျင်အမြန်အိမ်ပေါ်သို့ တက်လိုက်သည်။ အဘွားအိုနှစ်ယောက်စလုံး သံဃာတော်များကို ဆွမ်းထမင်းဟင်း လောင်းလှူကြတော့၏။

(၃)

အဘွားဒေါ်ခင်ဝင်းနှင့် အဘွားဒေါ်အေးလှတို့သည် ဆွေမျိုးရင်းချာပမာချစ်ကြသည်။ ဘုရားကျောင်းကန်ဥပုသ်သီတင်းဆောက်တည်ရာတွင်လည်း အတူတူသွားကြ၏။ နှစ်အိမ်တစ်အိမ်နေကြသလို နေကြသည်။ ထို့ကြောင့် ခြေရင်းနှင့်ခေါင်းရင် အလွယ်တကူသွားလာ၍ရအောင် ခြံကို လူတစ်ကိုယ်စာ အပေါက်ဖောက်ထားလေသည်။ တစ်နေ့ အဘွားဒေါ်ခင်ဝင်း ကြက်သားအုပ်မကို အစာကျွေးရန် အော်ခေါ်နေ၏။ မိမိ၏ကြက်မ မလာသည့်အဆုံးလိုက်၍ရှာသည်။ သို့သော်မတွေ့။ တွေ့သည်က မိမိအိမ်၏ အရှေ့မျက်နှာစာခြံထောင့်စွန်း၌ ခြကောင်းကလေးများ အသိုက်ဆောက်နေသည်ကို တွေ့ရှိသွားခြင်းဖြစ်သည်။ ကြက်ကလေးများကို တွေ့လျှင်တွေ့ချင်း အဘွားဒေါ်အေးလှကို တကြော်ကြော်အော်ခေါ်လေ၏။ သိပ်မကြာလိုက် အဘွားဒေါ်အေးလှ ရောက်လာလေသည်။

"ဘာတုံးတော် အရေးတကြီး၊ ဒီမှာ အဝတ်လျှော်တန်းလန်းကြီးဟဲ့"

"ဟဲ့ နင့်ကိုကိစ္စရှိလို့ ခေါ်တာပေ့ါ၊ဟိုမှာကြည့်စမ်း"

ခြကောင်ကလေးများ တန်းစီအလုပ်လုပ်ပုံကို အဘွားဒေါ်ခင်ဝင်းက လက်ညှိုးထိုး၍ပြလိုက်သည်။

"ဟယ် ခြကလေးတွေ အသိုက်ဆောက်နေတာတော်၊ တို့အတွက် ကုသိုလ်ထူးတာပဲဟေ့၊ ကြံကြံဖန်ဖန် ခြံစည်းရိုးနှစ်ခုကြား အိမ်ဆောက်နေရတယ်လို့တော်"

အဘွားဒေါ်အေးလှပင် ပါးစပ်မပိတ်ရသေး အဘွားဒေါ်ခင်ဝင်းက စကားဖြတ်၍ပြောပြန်၏။

"ဒါ အတိတ်နိမိတ်ကောင်းတာပဲ"

"ချမ်းသာရေ ချမ်းသာ"

"ဗျာ အမေ"

"ဗျာ မနေနဲ့ ရေခွက်နဲ့ ရွှေကို စိမ်ပြီးယူခဲ့စမ်း"

"ဟုတ် ဟုတ်"

"ဟဲ့ နင် ဘာလုပ်မလို့လဲ"

"ခြံထဲတောင်ပို့ရှိရင် ရွှေရေလောင်းရတယ်၊ စီးပွားတက်အောင်ပေ့ါ"

အဘွားဒေါ်ခင်ဝင်းသည် ရွှေစိမ်ထားသောရေကို ခြတောင်ပို့အား စတိအနေဖြင့် ရေဖျန်းလိုက်၏။ ထို့နောက် ပါးစပ်ကလည်း ပွစိပွစိ ရွတ်ဖတ်နေပြန်သည်။

"ရော့ အေးလှ နင်လဲ စတိအနေနဲ့ရေဖျန်းလိုက်"

အဘွားဒေါ်အေးလှသည် အဘွားဒေါ်ခင်ဝင်း ပြောသည့်အတိုင်း ခြတောင်ပို့ကို ရေစတိဖျန်းလိုက်သည်။ ထို့နောက် ကိုယ့်အိမ်ကိုယ် ပြန်သွားကြသည်။ အဘွားဒေါ်ခင်ဝင်းသည် ကြက်သားအုပ်မကို ရှာပုံတော်ဖွင့်ခန်း စတင်တော့သည်။

(၄)

မိုးဆက်တိုက်ရွာသည်မှာ လေးငါးရက်ခန့် ရှိလေပြီ။ တစ်နွေလုံးပူပြင်းလှသော အပူဒဏ်သည် မိုးရေကြောင့် အေးမြခြင်းဘက်သို့ ကူးစက်လာ၏။ မိုးရွာစ မြေမှုန့်ရနံ့တို့မှာ မွှေးပျံ့လျက်ရှိသည်။ သစ်ပင်တို့သည် မိုးရေကို ပြည့်ဝစွာသောက်သုံးပြီးသကာလ စည်းစိမ်ယစ်နေသောလူပမာ အေးဆေးတည်ငြိမ်လျက်။ လေညင်းများက ဖြည်းညင်းစွာတိုက်ခတ်လျက်ရှိပေသည်။

"ချမ်းသာ ဟင်းက မွှေးနေတာပဲ၊ ဘာဟင်းလဲဟယ်၊ ထမင်းတောင်ဆာတယ်၊ မိုးက အေးအေးနဲ့"

"အမေရေ အဘွားဒေါ်အေးလှက ခြံထောင့်က တောင်ပို့က ထွက်တဲ့ တောင်ပို့မှိုဟင်း လာပေးထားတာ၊ အမေစားဖို့တဲ့၊ ကန်စွန်းရွက်နဲ့ အကျအန ချက်ပေးထားတယ်၊ သုံးဆောင်လို့ရပါပြီ အမေ"

အဘွားဒေါ်ခင်ဝင်းနှင့် သားဖြစ်သူ ချမ်းသာတို့ မှိုဟင်းဖြင့် အားရှိပါးရှိ စားသောက်နေ၏။ မှိုဟင်းသည် ရာသီစာဖြစ်သောကြောင့် စားရသူအဖို့ ကြက်သား၊ ဝက်သားဟင်းနှင့်တောင် မလဲနိုင်ပေ။ ထို့ကြောင့်လည်း သားအမိနှစ်ယောက်စလုံး ခေါင်းမဖော်တမ်း စားသောက်နေခြင်းပင်ဖြစ်သည်။

"ကောင်းလိုက်တာ ချမ်းသာရေ၊ မှိုဟင်းက မစားရတာကြာပြီမို့လားမသိ တယ်စားကောင်းတာပဲ"

"စားကောင်းတာပေ့ါ အမှန်ပဲ အမေရေ၊ အဘွားဒေါ်အေးလှရဲ့ လက်ရာကလဲ ရှယ်ပဲ၊ စားကောင်းချက်"

ချမ်းသာသည် မိခင်ဖြစ်သူ အဘွားဒေါ်ခင်ဝင်း၏ အမေးစကားကို ထောက်ခံရင်း အဘွားဒေါ်အေးလှကို ချီးကျူးလိုက်ပြန်သည်။

"အမေရေ လက်ဆေးတော့၊ သားပန်းကန်တွေ ဆေးလိုက်မယ်"

အဘွားဒေါ်ခင်ဝင်းသည် ထမင်းစားအပြီး ခြံထဲသို့ ဆင်းကာ လမ်းလျှောက်နေပြန်သည်။ ခြံထောင့်တွင်ရှိသော တောင်ပို့ကို ကြည့်လိုက်သည်။ မည်သည့် မှိုမျှမတွေ့။

"ဟဲ့ အဘွားကြီး ဘာကြည့်နေတာလဲ"

အဘွားဒေါ်ခင်ဝင်းသည် ရင်ဘတ်ကို လက်ဖြင့်ဖိ၍ အသံလာရာဘက်သို့ လှည့်ကြည့်လိုက်သည်။

"အမယ်လေး အေးလှ လန့်တောင် လန့်တယ်ဟယ်၊ ညည်းကလဲ၊ ငါ မှိုရှာနေတာဟဲ့"

အဘွားဒေါ်အေးလှသည် ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

"ခုအချိန်တွေ့အုံးမလား၊ ညနေစောင်းလောက်မှရှိရင်ထွက်မှာပေ့ါ ဟိုမှာ သေးသေးလေးတောင် ထွက်နေပြီ"

အဘွားဒေါ်အေးလှသည် ထွက်ပြူစဖြစ်နေသော မှိုများကို ပြလိုက်၏။

"အေး ဟုတ်ပ့ါ၊ မြင်ပြီမြင်ပြီ၊ မနက်မှနုတ်ရမှာပေ့ါနော်"

"လိုချင် ခုနုတ်ဟေ့"

အဘွားဒေါ်အေးလှသည် အဘွားဒေါ်ခင်ဝင်း၏ အမူအရာကိုကြည့်၍ ငေါ့တော့တော့ ပြောလိုက်လေတော့သည်။

(၅)

အိပ်တန်းတက်ငှက်တို့၏အသံမှာ ကြားရသူအဖို့ နားဝင်ချိုလှပေသည်။ သူတို့၏ ဘာသာဘာဝအရ တစ်နေကုန် မိမိတို့၏ အတွေ့အကြုံအဖြစ်အပျက်များကို ဖောက်သည်ချနေဟန်တူ၏။ နေလုံးကြီးသည်လည်း အနောက်ရိုးမထဲသို့ဝင်သွားလေပြီ။ အမှောင်ရိပ်သန်းလာလေသည်။ တဖြည်းဖြည်းအချိန်ကုန်ခဲ့သည်မှာ ညသန်းခေါင်သို့ ကျော်လာလေပြီ။ အဘွားဒေါ်ခင်ဝင်းတစ်ယောက် အိပ်မပျော်သေး။ လက်နှိပ်ဓာတ်မီးဖြင့် ခြံထဲသို့ဆင်းလိုက်သည်။ ထို့နောက် တောင်ပို့ကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ မှိုများမှာ အငုံသာရှိသေး၏။ နုတ်၍မရသေးသော မှိုများကိုကြည့်ကာ အိမ်ပေါ်သို့တက်သွားလေသည်။ အဘွားဒေါ်ခင်ဝင်း အိမ်ထဲသို့ဝင်သွားပြီး မကြာလိုက် လက်နှိပ်ဓာတ်မီးဖြင့် အဘွားဒေါ်အေးလှ တောင်ပို့အနားသို့ ရောက်လာလေသည်။ သို့သော် မှိုများမှာ အဖူးအငုံဖြင့်ရှိနေသေးသည်။ အဘွားဒေါ်အေးလှ အိမ်ပေါ်သို့တက်သွားပြန်သည်။ အဘွားဒေါ်ခင်ဝင်းနှင့် အဘွားဒေါ်အေးလှတို့ တစ်ခုခု၏ စိုးမိုးမှုကြောင့် အိပ်မပျော်ကြပေ။ နှစ်ယောက်စလုံး တောင်ပို့မှိုအပွင့်ကို စောင့်ရင်းမှေးခနဲ အိပ်ပျော်သွားသည်။ ရွာဦးကျောင်းဆီမှ ကလတက်ခေါက်သံကို ကြားမှ အဘွားဒေါ်ခင်ဝင်း နိုးလာလေသည်။ နိုးလျှင်နိုးချင်း မျက်နှာကိုမသစ်အား။ တောင်ပို့ရှိရာသို့ အလျင်အမြန်သွားလိုက်သည်။ တောင်ပို့မှိုများကို မတွေ့ရတော့ပေ။ တောင်ပို့မှိုအပွင့် အနည်းအပါးမြေပြင်ထက်တွင် ပြန့်ကျဲနေသည်ကိုသာ တွေ့လိုက်ရသည်။ အဘွားဒေါ်ခင်ဝင်းသည် တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ပြီး အိမ်ပေါ်သို့ တက်သွားလေသည်။ ထို့နောက်

စာမျက်နှာ ၂၅ သို့ ➤

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၀၂၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၀၂၉ ဧကထိစိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၀၀၀၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၀၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲစင်းငုံ ၁၀၀၀၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၇၀၂၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်မှထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းက ပြောပြသည်။



ဇလွန်မြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ဩဂုတ်လပထမပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ ကွမ်းရွက် တစ်ပိဿာကို ငွေကျပ် ၁၆၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒေသထွက်ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် ကျုံပျော်၊ ပုသိမ်နဲ့ အခြားဒေသတွေကပါ ဝယ်ယူမှုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာဖြစ်ပါတယ်။ ဒေသထွက် ကွမ်းရွက်တွေက အရည်အသွေး ကောင်းမွန်ပါတယ်"ဟု ဇလွန်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို ဒေသဈေးကွက်အပြင် အခြားဒေသများသို့ စနစ်တကျထုပ်ပိုးသန့်စင်ပြီး တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ် အကိုင်အခွင့်အလမ်းများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

အဘွားဒေါ်ခင်ဝင်း၏ ဘုရားရှိခိုးသံကို ကြားလာရသည်။ အဘွားဒေါ်ခင်ဝင်း၏ ဘုရားရှိခိုးသံနှင့်အတူတောင်ပို့အနား၌ ခတ်မီးအရောင်ကို တွေ့လိုက်သည်။ ထိုသူသည် အခြားသူမဟုတ် အဘွားဒေါ်အေးလှဖြစ်သည်။ အဘွားဒေါ်အေးလှသည် ကျိန်းစပ်နေသော မျက်လုံးနှစ်စုံကို ဘယ်လက်ဖြင့်ပွတ်လိုက်သည်။ ထို့နောက် ကြေမွနေသော တောင်ပို့မှို အပွင့်အဖတ်တို့ကို ငေးကြည့်နေသည်။ အဘွားဒေါ်ခင်ဝင်း၏ တရားသံသည် အဘွားဒေါ်အေးလှ၏နှလုံးသားကို ချွန်မြသောဓားဖြင့် ထိုးနေသည့်နှယ်ဖြစ်နေ၏။

(၆)

အဘွားဒေါ်ခင်ဝင်းနှင့် အဘွားဒေါ်အေးလှတို့သည် တစ်ယောက်နှင့် တစ်ယောက်အခေါ်အပြောမလုပ်သည်မှာ သုံးလေးရက်ခန့်ရှိလေပြီ။ တစ်ယောက်နှင့်တစ်ယောက် အမှတ်တမဲ့မျက်နှာချင်းဆိုလျှင်လည်း ချက်ချင်းလှည့်၍ ထွက်သွားကြသည်။ တောင်ပို့မှထွက်ရှိသော တောင်ပို့မှိုများကို နှစ်ယောက်စလုံး သူထက်ငါဦးအောင် နုတ်ယူရန်ကြိုးစားသည်မှာ အကြိမ်ကြိမ်။ တစ်ယောက်နှင့်တစ်ယောက် အငြိုးအာဃာတတိုးလာသည့်အပြင် မျက်နှာချင်းမဆုံနိုင်သည့်အထိဖြစ်လာလေသည်။ တစ်နေ့ အဘွားဒေါ်ခင်ဝင်းတစ်ယောက် ဆုံးဖြတ်ချက်ကိုခိုင်မာစွာချလိုက်သည်။

"ချမ်းသာရေ ချမ်းသာ"

အဘွားဒေါ်ခင်ဝင်း၏အသံသည် နဂိုကထက်အသံပိုမာလာ၏။ ချမ်းသာတစ်ယောက် အပြေးအလွှားရောက်လာသည်။

"သွား ပေါက်တူး သွားယူချေ"

"အမေ ဘာလုပ်ဖို့လဲ"

"ငါ့ကို လျှာရှည်မနေနဲ့၊ ငါ ဘာလုပ်လုပ်၊ ယူဆိုသွားယူ"

အဘွားဒေါ်ခင်ဝင်းနှင့်ချမ်းသာတို့၏ လှုပ်ရှားမှုများကို တစ်ဖက်အိမ်မှ အဘွားဒေါ်အေးလှ ကြည့်နေလေသည်။ ပေါက်တူးကိုထမ်း၍ ချမ်းသာပြန်ရောက်လာသည်။ ထို့နောက် အဘွားဒေါ်ခင်ဝင်း၏အမိန့်ကို နားထောင်နေ၏။

"သွား ခြံထောင့်က တောင်ပို့ကို တူးလိုက်။ တောင်ပို့မကျန်စေနဲ့"

"ဗျာ အမေ"

ချမ်းသာ၏ ပါးစပ်မှ အံ့အားသင့်စွာ ထွက်ပေါ်လာ၏။

"ဗျာ မနေနဲ့ တူးဆိုတူးလိုက်၊ အကုန်ပေါက်ထုတ်ပစ်လိုက် ဒါပဲ၊ ငါ အဲ့တောင်ပို့ကို မမြင်ချင်ဘူး"

ချမ်းသာသည် မိခင်၏အမိန့်အတိုင်း တောင်ပို့ကို ဖြည်းဖြည်းချင်း ဖြိုချလိုက်လေသည်။ နှစ်ပေါင်းများစွာ အိမ်နီးချင်းကောင်းလိုတစ်မျိုး၊ ညီအစ်မအရင်းလို တစ်ဖုံချစ်ခဲ့ကြသော အဘွားဒေါ်ခင်ဝင်းနှင့် အဘွားဒေါ်အေးလှတို့နှစ်ယောက် အတ္တမာနများကြောင့် ချစ်ခြင်းတည်းဟူသော အသိုက်အမြုံလေး ပျက်စီးခဲ့ရလေတော့သည်။

## ကောင်းမှုအများ နေ့စဉ်ပွား

\- ဒါနကို နေ့စဉ်ပြုတော့
ယခုဘဝလည်း ကောင်းမွန်ပေ၊
သတ္တဝါတွေ မေတ္တာဖျန်းလို့
လှူဒါန်းပေးဝေ၊
တတ်နိုင်သလောက် ပြုကြလေ
လှူဒါန်းစေ နေ့ညမပြတ်၊
မင်္ဂလာရှိကာ နေ့သစ်တိုင်း
ချစ်ခင်လူနတ်။

\- ပဥ္စသီ ခါးမှာမပြတ်
စောင့်ထိန်းအပ် နေ့စဉ်ပါ၊
ကောင်းမှုကို အခြေခံထားလို့
ပွားများစေကာ၊
အသက်ကိုလည်း ရှည်စေကာ
သံသရာလွတ်ရာ လမ်းအစ၊
လောကအလယ် အပူငြိမ်းဖို့
စောင့်ထိန်းသီလ။

\- အချိန်တိုင်းမှာ ဘာဝနာပွား
ထာဝရတရားဖြင့် နေထိုင်ပါ၊
ဗြဟ္မာစိုရ်တရားကို လက်ကိုင်ထား
အမှားရှောင်ခွာ၊
ဘဝအတွက် အဖော်မွန်ပါ
ကျင့်ကြံကာ နေထိုင်ပေး၊
လူမှုနယ် ဘဝမြင့်အောင်
ကျင့်ကြံစို့လေး။ ။

**ရွှေတိုး(ထုံးဘို)**

# ကျိုက်လတ်မြို့နယ် ဒါနချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်လတ် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒါနချောင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဒါနချောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၉၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုလှိုင်**

# ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး

မူမူ(မလှိုင်)

**ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှု**

ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှုသည် ၂၀၁၉ ခုနှစ်တွင် စုစုပေါင်း ၃၃၆၃၂၉၃၉၂ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်း ၃၅၃၄၆၃၇၃၅ မက်ထရစ်တန်ထုတ်လုပ်နိုင်ခဲ့သောကြောင့် ထုတ်လုပ်မှု ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာသည်ဟု ဆိုနိုင်သည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲပုပ်အများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် တန်ချိန် ၁၁၄၂၆၉၃၉၂ ထုတ်လုပ်နိုင်၍ ကမ္ဘာ့ထုတ်လုပ်မှု၏၃၄ ရာခိုင်နှုန်းရှိသည်။ အမေရိကန်နိုင်ငံသည် နှစ်စဉ်တန်ချိန် ၉၆၇၉၃၁၀၀ ထုတ်လုပ်နိုင်၍ ကမ္ဘာ့ထုတ်လုပ်မှု၏ ၃၂ ရာခိုင်နှုန်းဖြင့် ဒုတိယဖြစ်သည်။ ဘရာဇီးနှင့်အမေရိကန်နိုင်ငံတို့သည် ကမ္ဘာ့ပဲပုပ်စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကျော်ကို ထုတ်လုပ်နိုင်သည်။

၂၀၁၅ ခုနှစ်က ကမ္ဘာ့ပဲပုပ် စိုက်ပျိုးထုတ်လုပ်မှုတွင် အမေရိကန်သည် အများဆုံးထုတ်လုပ်သူနေရာတွင်ရှိခဲ့ကာ ထုတ်လုပ်မှုအနေဖြင့် ၂၉ ရာခိုင်နှုန်းထိရှိခဲ့ပြီး ဘရာဇီးက ၂၄ ရာခိုင်နှုန်း၊ အာဂျင်တီးနားက ၁၇ ရာခိုင်နှုန်းတို့ဖြင့် ဒုတိယ၊ တတိယနေရာတွင် ရပ်တည်ခဲ့သည်။

**မြန်မာနိုင်ငံ၏ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု**

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေသော စိုက်ပျိုးရေးနိုင်ငံဖြစ်၍ ပဲပုပ်ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်ကာ ကမ္ဘာ့အဆင့်သို့ ဝင်ရောက်နိုင်ရန် အလားအလာများစွာရှိသည်။ ထို့ကြောင့် ပဲပုပ်ထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် ထိရောက်သောပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်သည်။ စိုက်ပျိုးမှု၊ စက်မှုလုပ်ငန်းနှင့် အရည်အသွေးကဏ္ဍများကို တိုးတက်စေရန် မည်သို့ ပိုင်းခြားဆောင်ရွက်နိုင်မည်ကို လေ့လာသင့်သည်။

မြန်မာနိုင်ငံမှ ပဲပုပ်တင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာတိုးလာသည်။၂၀၁၆ ခုနှစ်တွင် တန်ချိန် ၁၇၀၀ သာရှိရာမှ ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၂၀၀၀ ကျော်ထိ မြင့်တက်လာပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၇၀၀၀ ကျော်ထိ မြင့်တက်ခဲ့ကာ နိုင်ငံခြားဈေးကွက်ဝယ်လိုအားလည်း သိသိသာသာ မြင့်တက်လာခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ပဲပုပ်ထုတ်လုပ်မှုအတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ စိုက်ပျိုးရရှိနိုင်သောစိုက်ပျိုးမြေများ နှစ်စဉ်ကျဆင်းခြင်းပင်ဖြစ်သည်။

ဇယား(၁) မြန်မာနိုင်ငံ၏ နှစ်အလိုက် ပဲပုပ်စိုက်ဧကပြောင်းလဲလာမှု

| No. | Year | Soybean acres | Difference |
|---|---|---|---|
| 1 | 2013-2014 | 383,300 | |
| 2 | 2014-2015 | 379,536 | -3,764 |
| 3 | 2015-2016 | 367,198 | -12,338 |
| 4 | 2016-2017 | 353,805 | -13,393 |
| 5 | 2017-2018 | 345,448 | -8,357 |
| 6 | 2018-2019 | 343,845 | -1,603 |

**မြန်မာ၏ ပဲပုပ်ကဏ္ဍတိုးတက်လာစေရန် ဆောင်ရွက်နေမှု**

ပဲပုပ်၏မူရင်းဒေသသည် မြန်မာနိုင်ငံမြောက်ဘက်ပိုင်းရှိ တောင်တရုတ်နယ်စပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု၏အကျိုးသက်ရောက်မှုများနှင့်လိုက်လျောညီထွေစွာ ပဲပုပ်မျိုးရိုးဗီဇမျိုးကွဲများကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်သည့် အခြေအနေတွင် တည်ရှိနေသောကြောင့် တောင်သူများအတွက် ပဲပုပ်စိုက်ပျိုးထုတ်လုပ်ရေး၏ အလားအလာကောင်းသော အခွင့်အလမ်းများစွာရှိနေပါကြောင်း သိရသည်။

၂၀၁၅ ခုနှစ်မှ ၂၀၁၉ခုနှစ်ထိ VCRD (USAID'S ၏ Value Chains for Rural Development) စီမံကိန်း၏ ပထမသုံးရာသီတွင် တောင်သူများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR)၏အသိပညာဖြန့်ဝေခြင်းကတစ်ဆင့် ပဲပုပ်မျိုးဗီဇဆိုင်ရာများပြုလုပ်သောဗီဇကွဲပြားမှုကို အတူတကွလေ့လာနိုင်ခဲ့ကြသည်။ VCRD နှင့် လယ်သမားများသည် အချို့သောရာသီဥတုများ၊ ဈေးကွက်လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိသည့် ပဲပုပ်မျိုးကွဲအသစ်များ (Yezin-14၊ Yezin-6 နှင့် Yezin-11 ) ကို DAR နှင့် တွေ့ဆုံဆွေးနွေးပွဲများတွင် ဖော်ထုတ်ခဲ့ကြသည်။

ဌာနပြင်ပရှိ ပဲပုပ်မျိုးကွဲများအကြောင်း တိုးချဲ့လုပ်ဆောင်ရန်၊ နည်းပညာဖြန့်ဝေရန်၊ မျှဝေရန် အရင်းအမြစ်များနည်းပါးခဲ့သော်လည်း အချို့အရင်းမြစ်များမှာ DAR တွင် ဆက်လက်ကျန်ရှိနေခဲ့သည်။ VCRD သည် ၂၀၁၅ ခုနှစ်တွင် အစုရှယ်ယာဝင်များအလုပ်ရုံဆွေးနွေးပွဲများကို စတင်ကျင်းပခဲ့ပြီး ပဲပုပ်မျိုးကွဲများ၏အချက်အလက်များနှင့် ပဲပုပ်နှင့်ဆက်စပ်သောလုပ်ငန်းစဉ်တစ်ခုလုံးဆိုင်ရာ အချက်အလက်များ (Soybean Supply Chain) ကို လွယ်ကူချောမွေ့စေရေးဆောင်ရွက်ခဲ့သည်။

ဤဖြစ်စဉ်များတစ်ဆင့် စိုက်ကွက်ငယ်၊ အသေးစားတောင်သူများကို ပဲပုပ်ထုတ်လုပ်သူ ကုန်သည်(processors)များအပါအဝင်၊ ဈေးကွက်ဝင် ရောင်းဝယ်ဖောက်ကားသူ(end-buyers) များနှင့် တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးနိုင်ခွင့်ရစေခဲ့သည်။ အပြုသဘောဆောင်သော တုံ့ပြန်မှုအခြေအနေများကြောင့် VCRD သည် အဆိုပါပွဲများကို တဖြည်းဖြည်း လျှော့ချကာ စိုက်ပျိုးသူတောင်သူများကို ငွေကြေးပံ့ပိုးမှုများဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးခဲ့ပြီး နောက်ဆုံးတွင် အဖွဲ့အစည်းနှင့် Sponsorship collection တို့ကို Sein Lan Wei စိမ်းလန်းဝေ (ပုဂ္ဂလိကကဏ္ဍကုမ္ပဏီ)ထံသို့ ပဲပုပ်ထုတ်လုပ်ခြင်းလုပ်ငန်း ဦးဆောင်နိုင်ခွင့်ကိုလွှဲပြောင်းပေးအပ်ခဲ့သည်။

**ပဲပုပ်ထုတ်လုပ်ရေးတွင် တွေ့ကြုံနေရသည့် အဟန့်အတားများ**

ပဲပုပ်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် တွေ့ကြုံနေရသည့်အဟန့်အတားများမှာ အရည်အသွေးပြည့်မျိုးကောင်းမျိုးသန့်မျိုးစေ့များ အလုံအလောက်မရရှိနိုင်ခြင်း၊ ပဲပုပ်စိုက်ပျိုးသည့် ဧရိယာအများစုသည် မိုးရွာသွန်းမှုပေါ်မူတည်ခြင်း၊ တိုးတက်သည့်ထုတ်လုပ်မှုနည်းပညာကို လက်ခံကျင့်သုံးမှုနည်းပါးခြင်း၊ သိုလှောင်နိုင်သည့်ကာလနှင့် လိုက်လျောညီသော သိုလှောင်နိုင်မှုနည်းပညာ အားနည်းခြင်း၊ ကြီးထွားမှုအဆင့်များ (အစေ့အဆန်ဖြည့်ချိန်)တွင် မြေဆီလွှာအစိုဓာတ်ထိန်းသိမ်းပေးနိုင်မှု အားနည်းခြင်း၊ ချို့တဲ့ခြင်း၊ ကြီးထွားမှုအဆင့်များတွင် အပူချိန်မြင့်မားနေခြင်းနှင့် ပဲပုပ်တွင် Anti-nutritional factors အချက်များစွာရှိနေခြင်းတို့ကြောင့်ဖြစ်သည်။

**ပဲပုပ်စေ့သိုလှောင်မှုအပေါ် အကျိုးသက်ရောက်မှုများ**


ပဲပုပ်သိုလှောင်မှုနှင့် ပဲပုပ်စေ့များကို ထိခိုက်စေသည့် အဓိကအချက်သုံးချက်မှာ အစိုဓာတ်ပါဝင်မှု၊ အပူချိန်နှင့် သိုလှောင်မှုကြာချိန်တို့ဖြစ်သည်။ ဤအချက်သုံးချက်ကို အထူးဂရုစိုက်ခြင်းဖြင့် ပဲပုပ်စေ့၏ ပြီးပြည့်စုံသော သိုလှောင်မှုကို အာမခံနိုင်သည်။

အစိုဓာတ်ရာခိုင်နှုန်းပေါ်မူတည်၍ သိုလှောင်မှုကာလပြောင်းလဲနိုင်သည်။ ရိတ်သိမ်းချိန်တွင် ပဲပုပ်၏ အစိုဓာတ်ပါဝင်မှုသည် ၁၂ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းရှိသည်။ အစေ့ရှင်သန်နိုင်စွမ်း (Seed respiration)၊ မှို၏တိုက်ခိုက်မှု (Mold attack)၊ အညှော်ကထွက်ရန် အပူချိန်လိုအပ်ချက်နှင့် အပေါက်နှုန်းလျော့ကျစေခြင်း (Spontaneous heating and reduced germination) စသည်တို့ကြောင့် ဖြစ်လာနိုင်သည့် ယိုယွင်းပျက်စီးနိုင်ခြေကိုလျှော့ချရန် အစိုဓာတ် ၁၃ ရာခိုင်နှုန်းအထက်ရှိသော ပဲပုပ်စေ့များကို အခြောက်လှန်းပြီးမှ သိုလှောင်သင့်သည်။

**ပဲပုပ်သိုလှောင်မှုတွင်**

ပဲပုပ်သိုလှောင်မှုတွင် အပူချိန်သည် အလွန်အရေးကြီးသောအချက်ဖြစ်သည်။ မှိုကြီးထွားမှုနှင့် ဓာတ်တိုးခြင်းကဲ့သို့သော ဓာတုပြောင်းလဲမှုများသည် အပူချိန်နှင့်အတူ တိုးလာနိုင်၍ စိုက်ပျိုးဒေသအသီးသီးရှိ ရာသီဥတုကိုမူတည်ပြီး သိုလှောင်မှုကိုထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ အပူပြင်းပြီးစိုစွတ်သောအပူပိုင်းဒေသတွင် သတ္တုပုံးများဖြင့်သိမ်းဆည်းထားသော အစေ့အဆန်များသည် အစိုပြန်နိုင်ကြောင်း တွေ့ရသည်။ ပူပြင်းသောနေ့တွင် သတ္တုသိုလှောင်ကန်၏ အတွင်းမျက်နှာပြင်တွင် အပူချိန်လွန်ကဲစွာဖြစ်ပေါ်လာပြီး ညဘက်တွင်သတ္တု၏ လျင်မြန်စွာ အေးခြင်းကြောင့် နှင်းရည်ကျဆင်းလာပြီး အစိုဓာတ်ကို ဖြစ်ပေါ်စေတတ်သည်ကို သတိပြုရပါမည်။

ပဲပုပ်စေ့၏ အစိုဓာတ်ပါဝင်နေမှုအခြေအနေအရ ဈေးကွက်တွင် သိုလှောင်နိုင်မှုကာလအပိုင်းအခြားနှင့် မျိုးစေ့အဖြစ် သိုလှောင်ထားနိုင်မှု ကာလအပိုင်းအခြားကွဲခြားသည်။ ဤနေရာတွင် ဈေးကွက်ဆိုသည်မှာ စားသုံးသည့် သီးနှံစေ့အဖြစ် သိုလှောင်ထားနိုင်မှုဖြစ်ပြီး၊ မျိုးစေ့မှာ စိုက်ပျိုးရန်ရည်ရွယ်၍ သိုလှောင်ထားခြင်းမျိုးကိုဆိုလိုသည်။ အစိုဓာတ်ပါဝင်မှုများလေ ပဲပုပ်စေ့၏သိုလှောင်နိုင်မှုသက်တမ်းတိုလေဖြစ်သည်။




၂၀၁၅ ခုနှစ် နိုင်ငံအလိုက် ပဲပုပ်ထုတ်လုပ်မှုရာခိုင်နှုန်း

**ပဲပုပ်ပင်ကြီးထွားဖွံ့ဖြိုးမှုနှင့် အထွက်နှုန်းအပေါ် သက်ရောက်မှု**

သဘာဝပတ်ဝန်းကျင်နှင့် စိုက်ပျိုးမွေးမြူရေး အလေ့အကျင့်များနှင့် ပဲပုပ်၏မျိုးရိုးဗီဇဆိုင်ရာများမှာ ပြန်လှန်သက်ရောက်မှုရှိသည်။ သဘာဝပတ်ဝန်းကျင်အပြင်းအထန်ပြောင်းလဲမှုများကို လျှော့ချခြင်းသည် ပဲပုပ်မျိုးစေ့အထွက်နှုန်းကို ကောင်းမွန်စေသည်။

ပဲပုပ်ပင်ကြီးထွားမှုကိုလွှမ်းမိုးနိုင်သောအကြောင်းရာများမှာ-

၁။ စိုက်ပျိုးမြေပြုပြင်ခြင်း-Seedbed preparation
၂။ စိုက်မည့်မျိုးရွေးချယ်ခြင်း- Variety selection
၃။ အပင်ဦးရေ - Planting rate
၄။ အစေ့ အတိမ်အနက်- Planting depth
၅။ စိုက်တန်းအကွာအဝေး- Row width
၆။ ပိုးမွှား၊ ရောဂါကာကွယ်မှုနှင့် ပေါင်းမြက်ရှင်းလင်းမှု Pest management (diseases, insects and weeds)
၇။ အပင်အာဟာရဖြည့်တင်းမှု - Plant nutrition
၈။ အလေလွင့်နည်းအောင် ရိတ်သိမ်းခြွေလှေ့ခြင်း -Harvesting စသောအကြောင်းများပါဝင်သည်။

**မျိုးစေ့နှုန်း**

ပဲပုပ်အတွက် အကြံပြုထားသော မျိုးစေ့နှုန်းမှာ တစ်ဟက်တာ ၁၀၀ ကီလိုဂရမ်ဖြစ်သည်။ အပင်ပေါက်နည်းခြင်းအတွက် အပိုဆောင်း၍ မျိုးစေ့နှုန်းကို ပုံမှန်အားဖြင့် ၁၁၀ ကီလိုဂရမ်နှုန်းဖြင့် အသုံးပြုရန်အကြံပြုထားသည်။ သင့်တော်သည့် စိုက်ကျင်းအနက်သည် ၂ ဒသမ ၅ စင်တီမီတာမှ သုံးစင်တီမီတာကြားရှိသင့်သည်။ ပဲပုပ်ကို ထယ်ကြောင်းဆွဲ၍ အတန်းလိုက်စိုက်ပျိုးရန် အကြံပြုထားသည်။

**အထွက်နှုန်း**

ပဲပုပ်သည် ရက် ၉၀ မှ ၁၀၀ အတွင်း ရင့်မှည့်သည်။ကောင်းမွန်သောစိုက်နည်းစနစ်ဖြင့်တစ်ဟက်တာလျှင် အထွက်နှုန်း လေးတန်ရရှိနိုင်သည်။ ပျမ်းမျှအားဖြင့် တောင်သူအများစုသည် တစ်ဟက်တာလျှင် နှစ်တန်ရရှိကြသည်။

**စိုက်ပျိုးထုတ်လုပ်သူနှင့် ရောင်းဝယ်သူဆက်နွယ်ရန်လိုအပ်မှု**

ဈေးကွက်ပေါက်ဈေးတည်ငြိမ်၍အမြတ်အစွန်းများနှင့်ပဲပုပ်အရည်အသွေးတိုးတက်စေခြင်း -

**လယ်သမားများအတွက်**

၁။ အစေ့အရည်အသွေးမြင့်မားမှုအတွက် သင့်တင့်သောဈေးနှုန်းသတ်မှတ်ပေးခြင်း
၂။ ရောဂါဒဏ်ခံနိုင်ရည်ရှိသော ကျန်းမာသန်စွမ်းသည့်အစေ့ရှာဖွေပေးခြင်း
၃။ အရောင်းအဝယ် သယ်ယူပို့ဆောင်စရိတ်လျှော့ချခြင်း
၄။ ဈေးကွက်ပြောင်းလဲနိုင်မှုကို ပိုမိုပွင့်လင်းမြင်သာရှိစေမှု
၅။ မတ်ပဲ (Black gram)ကဲ့သို့ ရာသီဒဏ်ခံနိုင်ရည်နည်းသောသီးနှံများအတွက်အမြတ်အစွန်းရှိသောသီးနှံအဖြစ် အစားထိုးစိုက်ပျိုးစေခြင်း
၆။ ပဲပုပ်သည်မြေဆီဩဇာကိုတိုးတက်စေကြောင်း အကျယ်တဝင့်အသိပညာပေးခြင်း

**တို့ဟူး ပြုလုပ်သူများအတွက်**

၁။ အရည်အသွေးမြင့် ပဲပုပ်ထွက်ကုန်များ ပိုမိုရရှိစေနိုင်သည့် ပဲပုပ်အခြေပြုတစ်ဆင့်မြင့်ထုတ်ကုန်ထုတ်လုပ်ရေးနည်းလမ်းများ ရှာဖွေခြင်း
၂။ ပဲပုပ်သန့်စင်စက်ပစ္စည်းများကို ဝယ်ယူသုံးစွဲစေခြင်းဖြင့် မြေဖုန်မှုန့်၊ သဲများကင်းစင်သော ပဲပုပ်ရရှိသဖြင့်ပြုပြင်ထုတ်လုပ်သူများကို ပိုမိုကောင်းမွန်သောအရည်အသွေးမီ ပဲပုပ်ရရှိနိုင်စေခြင်း။ အဆင့်မြင့်စက်ကိရိယာသုံးစွဲခြင်းတို့ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၁၄၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၀၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း စပါးဧက ၄၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဖာပွန်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဖာပွန် ဩဂုတ် ၂၃

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁၃ သိန်း ထုတ်ချေးပေးထားကြောင်း ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုသက်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ပန်းတနော် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးရှဉ့်ပိဿာချိန် ၇၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးရှဉ့်တွေ သိသိသာသာကို ဝယ်လိုအား ကောင်းခဲ့ပါတယ်။ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၆၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ အခုလို ငါးရှဉ့်တင်ပို့အား ကောင်းလာတော့ ငါးရှဉ့်မွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ရေလုပ်သားတွေ၊ ငါးရှဉ့်



ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်''ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များသည် ဒေသထွက် ငါးရှဉ့်အပါအဝင် ရေထွက်ကုန်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်မှ အခြားဒေသများသို့ပြန်လည်တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရမည်းသင်းမြို့နယ် ဇီးဖြူကုန်းစံပြကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

ရမည်းသင်း ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူကုန်းစံပြကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် တာဝန်ရှိသူများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ ဇီးဖြူကုန်းစံပြကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဇီးဖြူကုန်း စံပြကျေးရွာ၌ တစ်ဖက်လျှင် လမ်း အရှည် ၅၄၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းရန်ပုံငွေကျပ် ၁၇ ဒသမ ၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဇီးဖြူကုန်းစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သွားလာရေးအဆင်ပြေသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်ထံမှ သိရသည်။ **သူသူ**

# ဇေယျာသီရိမြို့နယ် ရင်ကွဲပင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခေတ်အေးကျေးရွာအုပ်စု ရင်ကွဲပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ ဆောင်ရွက်ရမည့်တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ရင်ကွဲပင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နော်လူး**

စာအုပ်စာပေ လှူမိတ်ဆွေ

## သီရိလင်္ကာနိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှစ်ရုံ တည်ဆောက်မည်



တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံ၏နမူနာပုံစံ။

**ကိုလံဘို ဩဂုတ် ၂၃**

သီရိလင်္ကာနိုင်ငံတွင် ရုပ်ကြွင်းလောင်စာများနေရာ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အစားထိုးကာ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှစ်ရုံကို ၂၀၂၇ ခုနှစ်တွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်သည်ဟု နိုင်ငံ့စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သီရိလင်္ကာနိုင်ငံသည် လျှပ်စစ်ဓာတ်အား ၁၀၀ မဂ္ဂါဝပ်နှင့် ၁၆၀ မဂ္ဂါဝပ်ဖြန့်ဖြူးပေးနိုင်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံနှစ်ရုံကိုတည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါဓာတ်အားပေးစက်ရုံများဆောက်လုပ်ခြင်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ပြီးပါက သဘာဝဘေးကြောင့်ဖြစ်စေ၊ စွမ်းအင်မလုံလောက်မှုကြောင့်ဖြစ်စေ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံး လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ အဆိုပါစီမံကိန်းများသည် ထိုသို့နှစ်အနည်းငယ်ကြာတိုင်းနိုင်ငံတွင် ဖြစ်ပေါ်လေ့ရှိသည့် တစ်နိုင်ငံလုံးလျှပ်စစ်မီးပြတ်တောက်ခြင်းမှ ကာကွယ်ရန် အစိုးရ၏ ရေရှည်မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ အဆိုပါစက်ရုံအတွက် လိုအပ်သောစွမ်းအင်ကို လေနှင့်နေရောင်ခြည်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များကို အခြေခံအသုံးပြုမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီး ကူမာရာဂျေယာကိုဒီက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

## အပူချိန်မြင့်တက်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ အမိုးအကာမရှိသော ကာယလုပ်သားများအတွက် အကာအကွယ်ပေးရန် UN တိုက်တွန်း

**ဂျီနီဗာ ဩဂုတ် ၂၃**

ကမ္ဘာ့တစ်ဝန်း အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး အပူချိန်မြင့်တက်မှုများကြောင့် အမိုးအကာမရှိသည့် နေရာများတွင် အလုပ်လုပ်ကိုင်နေရသော ကာယလုပ်သားများအတွက် အကာအကွယ်ပေးရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက တိုက်တွန်းသွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်လျက်ရှိနေပြီး ကာယလုပ်သားများအနေဖြင့် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သော ရောဂါဝေဒနာများခံစားရသူ မြင့်မားလျက်ရှိသည့်အတွက် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ အစိုးရအဖွဲ့များအနေဖြင့် အကာအကွယ်ပေးသွားရန် UN က တိုက်တွန်းချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသည့် လုပ်သားများသည် အပူချိန်မြင့်မားမှုဒဏ်ကို ဆိုးရွားစွာရင်ဆိုင်နေရခြင်းဖြစ်ပြီး ၎င်းလုပ်သားများကို အကာအကွယ်ပေးရေးအစီအစဉ်များကို အမြန်ဆုံးအကောင်အထည်ဖော်ရန်လည်း UN က တိုက်တွန်းသွားခဲ့သည်။

"အမိုးအကာမရှိသည့် နေရာတွေမှာ အလုပ်လုပ်ကိုင်နေရတဲ့ ကာလလုပ်သားတွေကိုရာသီဥတုလွန်ကဲမှုအန္တရာယ်ကနေ အကာအကွယ်ပေးဖို့ လိုအပ်ပါတယ်။ လုပ်သားတွေရဲ့ ကျန်းမာရေးလုံခြုံမှုအရ အကာအကွယ်ပေးရမည့် ရည်ရွယ်ချက်တစ်ခုတည်းအတွက်ကြောင့်မဟုတ်ပါဘူး။ စီးပွားရေးကဏ္ဍအတွက်လဲ မဖြစ်မနေဆောင်ရွက်သွားသင့်တဲ့ ကိစ္စဖြစ်ပါတယ်" ဟုUNလက်အောက်ခံကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း WMO က တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သားအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့တစ်ဝန်းအမိုးအကာမရှိသည့် နေရာများတွင် အလုပ်လုပ်ကိုင်နေရသည့် ကာယလုပ်သားပေါင်း ၂ ဒသမ ၄ ဘီလီယံထိရှိနေကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

## ထိုင်းနိုင်ငံ ဖူးခက်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းနေသောကြောင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်

**ဗန်ကောက် ဩဂုတ် ၂၃**

ထိုင်းနိုင်ငံ ဖူးခက်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းနေသောကြောင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း Southern Meteorological Centre (West Coast) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



ဖူးခက်အာဏာပိုင်အဖွဲ့အစည်းကလည်း တာဝန်ရှိသူများဖြင့် ဖူးခက်ဒေသအတွင်း ဖြစ်ပေါ်လာနိုင်သည့် ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်ရေးအစီအစဉ်များဆောင်ရွက်နေကြောင်း၊ ဖူးခက်မြို့တော်ဝန် ဆူပါချော့ခ်ကလည်း ဖူးခက်ဒေသအတွင်း ရေဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများကို ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။

ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီ ၅၇ မိနစ်မှစတင်၍ မိုးရွာသွန်းပြီး ယနေ့နံနက်ပိုင်းတွင်လည်း ဆက်လက်ရွာသွန်းလျက်ရှိရာ ဖူးခက်၏ အနိမ့်ပိုင်းနေရာတချို့တွင် ရေကြီးရေလျှံမှု စတင်ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ ဆိုးရွားသည့် ရေဘေးအန္တရာယ်မဖြစ်ပေါ်မီဒေသခံများ ဘေးအန္တရာယ်ကင်းစေရေးအတွက် ဘန်ယိုင်ရေလက်ကြားပတ်ဝန်းကျင်တွင် နေထိုင်သောဒေသခံများအားအမြင့်ပိုင်းဧရိယာများသို့ အမြန်ဆုံးရွှေ့ပြောင်းရန်လည်း ဖူးခက်မြို့တော်ဝန်ရုံးက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## ယီမင်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လူသုံးဦး သေဆုံးခဲ့

**အေဒင် ဩဂုတ် ၂၃**

ယီမင်နိုင်ငံတွင် ဩဂုတ် ၂၂ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လူသုံးဦး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူများထဲတွင် ကလေးငယ် နှစ်ဦးပါဝင်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အနောက်ပိုင်း Shabwa ပြည်နယ်ရှိ Bayhan ခရိုင် Jidfra ဧရိယာမှ အသက်ခြောက်နှစ်နှင့် ရှစ်နှစ်အရွယ်ရှိ ကလေးနှစ်ဦးသည် ရေကြီးမှုကြောင့် နစ်မြုပ်သေဆုံးခဲ့ကြောင်း၊ သေဆုံးသူနောက်တစ်ဦးမှာ အရှေ့ဘက်ရှိ Hadra-mout ပြည်နယ် Tarim ခရိုင်မှ အမျိုးသားတစ်ဦးဖြစ်ပြီး အသက်အရွယ်ကို မခန့်မှန်းနိုင်သေးကြောင်း သိရသည်။

ယီမင်နိုင်ငံ၏ မိုးလေဝသဌာန၏ ခန့်မှန်းချက်အရ ယီမင်နိုင်ငံ၏ တောင်ပိုင်း၊ အရှေ့ဘက်၊ အနောက်ဘက်ကမ်းရိုးတန်းဒေသများနှင့် ဆိုကိုထရာကျွန်းစုတို့၌ လာမည့်ရက်ပိုင်းအတွင်း မိုးကြိုးမုန်တိုင်းများနှင့်အတူ မိုးသည်းထန်စွာရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ထို့ကြောင့် မြေနိမ့်ပိုင်းဒေသ၊ ချိုင့်ဝှမ်းဒေသများတွင် နေထိုင်သူများအနေဖြင့် ရေကြီးရေလျှံမှုများကို ရှောင်ရှားနိုင်ရန် ရေဘေးလွတ်ရာအရပ်ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြရန်နှင့် ထိုသို့ မိုးကြိုးမုန်တိုင်းများနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းပါက မြင်ကွင်းများဝေဝါးကာ မြင်နိုင်စွမ်းနည်းပါးသွားမည်ဖြစ်သဖြင့် ယာဉ်များကို သတိပြု၍မောင်းနှင်ကြရန် ဒေသခံများကို မိုးလေဝသဌာနက ကြိုတင် သတိပေးထားကြောင်း သိရသည်။

ယီမင်နိုင်ငံတွင် မကြာသေးမီရက်များအတွင်းကလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံတွင်းရှိ လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့သည့်အပြင် Sanaa ပြည်နယ် Saafan ခရိုင်ရှိ သမိုင်းဝင်ခံတပ်၏ အစိတ်အပိုင်းများသည်လည်း မိုးသည်းထန်စွာရွာသွန်းပြီးနောက် ပြိုကျခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## ဘရာဇီးစွမ်းအင်ဝန်ကြီးဌာနက ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေး ပုဂ္ဂလိကကုမ္ပဏီများကို လေလံခေါ်ယူမည်

**ဘရာဇီးလီးယား ဩဂုတ် ၂၃**

ဘရာဇီးစွမ်းအင်ဝန်ကြီးဌာနက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်သွားရေးကို ဆုံးဖြတ်ခဲ့ပြီးနောက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ပုဂ္ဂလိက ကုမ္ပဏီများကိုလေလံခေါ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ရင်းနှီးမြှုပ်နှံမှုအတွက် လေလံခေါ်ယူသွားမည့် အဆိုပါရေအားလျှပ်စစ်စီမံကိန်းများမှ လျှပ်စစ်ဓာတ်အားပမာဏ ၈၁၅ မဂ္ဂါဝပ်ထိ ထုတ်ယူနိုင်ရန် ရည်ရွယ်ထားပြီး ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများအတွက် ရေကာတာကိုလည်း အလတ်စားရေကာတာ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတစ်ရုံလျှင် လျှပ်စစ်စွမ်းအင်ပမာဏ ၅၀ မဂ္ဂါဝပ်ထိ ထုတ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုအတွက် လေလံခေါ်ယူသွားမည့် ငွေကြေးပမာဏမှာလည်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖြစ်ကြောင်း၊ စီမံကိန်းကာလကို နှစ်ပေါင်း ၂၀ စီမံကိန်းအဖြစ် သတ်မှတ်ထားပြီး လေလံစာချုပ်တွင် သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံ အရေအတွက် ပမာဏကိုထပ်မံတိုးချဲ့လိုပါကတိုးချဲ့နိုင်မည့် သဘောတူညီချက်ကိုပါ ထည့်သွင်းထားကြောင်း သိရသည်။

ထို့ပြင် စီမံကိန်းကာလကို နှစ်ပေါင်း ၂၀ အဖြစ် သတ်မှတ်ပေးထားသော်လည်း ၂၀၃၀ ပြည့်နှစ်ဇန်နဝါရီလမှစတင်၍ လျှပ်စစ်ဓာတ်အားစတင်ပေးဝေနိုင်ရမည်ဖြစ်ကြောင်းလည်းလေလံစာချုပ်တွင်ပါဝင်နေသည်။ ရင်းနှီးမြှုပ်နှံမှုလေလံခေါ်ယူသွားမည့် ၎င်းစီမံကိန်းသည် ဘရာဇီးနိုင်ငံ၏သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်မှ စွမ်းအင်ပြုပြင်ပြောင်းလဲကဏ္ဍအတွက် များစွာအကျိုးရှိနိုင်မည့် စီမံကိန်းဖြစ်ကြောင်းလည်း ဘရာဇီးလျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနကထုတ်ပြန်သွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## မိတ်ဆွေစစ်

မင်္ဂလာပါ ကလေးတို့ရေ။ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးရဲ့နာမည်ကတော့ "မိတ်ဆွေစစ်" ဆိုတဲ့ ပုံပြင်လေးပဲ ဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ညောင်ပင်သာလို့ခေါ်တဲ့ ရွာတစ်ရွာမှာ မောင်လူအေးလို့ခေါ်တဲ့ လူငယ်ကလေး တစ်ယောက်နေထိုင်သတဲ့ကွယ်။ မောင်လူအေးကလေးမှာ မိဘတွေလဲမရှိရှာတော့ တစ်ယောက်ထဲ လုပ်ကိုင်ရှာဖွေပြီး အသက်မွေးဝမ်းကျောင်းရတာပေါ့ကွယ်။ မောင်လူအေးကလေးဟာ ဆင်းရဲတဲ့ အတွက် ရွာထဲက သက်တူရွယ်တူလူငယ်ကလေးတွေက အခေါ်အပြော၊ အပေါင်းအသင်း သိပ်မလုပ်ကြဘူးတဲ့ကွယ်။ ဒါကြောင့် မောင်လူအေးကလေးမှာ မိတ်ဆွေသူငယ်ချင်းဆိုတာလဲ မရှိရှာဘူးပေါ့ကွယ်။ သူ့ကို ပေါင်းသင်းမဲ့ မိတ်ဆွေသူငယ်ချင်းမရှိပေမဲ့ မောင်လူအေးကလေးဟာ ဝမ်းနည်းအားငယ်မှုတွေ မရှိဘူးတဲ့ကွယ်။

တစ်နေ့တစ်နေ့ ရွာထဲကအိမ်တွေမှာ အလုပ်တွေ ကူညီပြီးလုပ်ကိုင်ပေးနေရတာနဲ့တင် အချိန်ကုန်နေတာပေါ့ကွယ်။ မောင်လူအေးကလေးက အလုပ်လုပ်ရာမှာလဲ ပျင်းရိမှုမရှိဘဲ အမြဲသွက်လက်နေလို့ အလုပ်မရှားဘူးတဲ့ကွယ်။ တစ်နေကုန်တဲ့ထိ ရွာထဲကအိမ်တွေမှာ အလုပ်ကူလုပ်ပေးရင်း မောင်လူအေးကလေးဟာ ဝမ်းစာရှာဖွေနေရတာပေါ့ကွယ်။ တစ်နေ့တစ်နေ့ အလုပ်တွေချည်းလုပ်နေရတဲ့ မောင်လူအေးကလေးဟာ သက်တူရွယ်တူ လူငယ်ကလေးတွေ ဝိုင်းဖွဲ့ပျော်ရွှင်နေကြတာမြင်တိုင်း သူလဲ ပျော်ချင်တာပေါ့ကွယ်။ ဒါပေမဲ့ မောင်လူအေးကလေး သူတို့အနားကို ရောက်လာတာမြင်တိုင်း အားလုံးက ရှောင်ထွက်သွားကြသတဲ့။ ဒီအထဲမှာ လယ်ပိုင်ရှင်ကြီးရဲ့သားဖြစ်သူ ဖိုးထွေးဆိုတဲ့ လူငယ်ကလေးက အဆိုးဆုံးပေါ့ကွယ်။ ဖိုးထွေးဟာ မောင်လူအေးကလေးလာတာမြင်တိုင်း "ဟိတ်ကောင် ကိုယ့်အလုပ် ကိုယ်ပြီးအောင်လုပ်၊ ကိုယ့်နေရာ ကိုယ်နေလို့" အမြဲပြောတာပေါ့ကွယ်။ ဒါကြောင့်မို့ ဖိုးထွေးနဲ့ သူ့သူငယ်ချင်းတွေ ကစားပျော်ပါးနေကြတာမြင်လဲ မောင်လူအေးကလေးဟာ သူတို့



အနားကို မသွားတော့ဘဲ အဝေးကနေ ငေးကြည့်နေရသတဲ့ကွယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ ရွာအပြင်က ချောင်းထဲမှာ မောင်လူအေးကလေး အဝတ်လျှော်နေတုန်း ဖိုးထွေးနဲ့သူ့သူငယ်ချင်းတွေ ရောက်လာကြသတဲ့။ မောင်လူအေးကလေး အဝတ်လျှော်နေတဲ့နေရာမှာ ဖိုးထွေးက ရေကူးချင်နေတော့ မောင်လူအေးကလေးကို နေရာကနေ ဖယ်ပေးခိုင်းတာပေါ့ကွယ်။ အဝတ်လျှော်နေရာကနေ မောင်လူအေးကလေးဟာ ဖယ်မပေးခဲ့ရင် ဖိုးထွေးနဲ့ သူ့သူငယ်ချင်းတွေက ရန်ရှာကြမှာစိုးတဲ့အတွက် ဖယ်ပေးရတာပေါ့ကွယ်။ နေရာကနေ ဖယ်မပေးခင် မောင်လူအေးကလေးဟာ "ရေနက်တယ်နော် ဖိုးထွေး၊ ချောင်းအလယ်ထိ မသွားနဲ့"လို့ ပြောသတဲ့ကွယ်။

မောင်လူအေးကလေးကသတိပေးစကားပြောပေမဲ့ ဖိုးထွေးက ဂရုမစိုက်ဘဲ သူ့သူငယ်ချင်းတွေနဲ့ ရေကူးရင်း ပျော်ရွှင်နေတာပေါ့။ ဒီလိုနဲ့ ခဏအကြာမှာတော့ ဖိုးထွေးတစ်ယောက် ရေနစ်သွားသတဲ့ကွယ်။ ဖိုးထွေးတစ်ယောက် ရေနစ်နေတာလဲမြင်ကော အခြားသူငယ်ချင်းတွေက တစ်ယောက်မှမကူညီကြဘဲ ကြောက်အားလန့်အားနဲ့ ကုန်းပေါ်တက်ပြေးကြတာပေါ့ကွယ်။ ရေနစ်နေတဲ့ ဖိုးထွေးကိုကူညီရင် သူတို့လဲ ရေနစ်သွားမှာကို တွေးပြီးကြောက်ရွံ့နေကြသတဲ့ကွယ်။ ဒါကြောင့်မို့ ကုန်းပေါ်ကနေ အော်ဟစ်ပြီး အကူညီတောင်းနေသတဲ့ကွယ်။ ဖိုးထွေးတစ်ယောက် ရေထဲမှာ ရုန်းကန်နစ်မြုပ်နေတာကို မောင်လူအေးကလေးကမြင်ရတော့ ရှောင်ထွက်မသွားဘဲ ရေကူးပြီး ဖိုးထွေးကို ကမ်းစပ်ရှိရာဆွဲခေါ်လာတာပေါ့ကွယ်။ အသက်ဘေးကနေ လွတ်မြောက်လာခဲ့တဲ့ ဖိုးထွေးတစ်ယောက် ဒီအခါကျတော့မှ မိတ်ဆွေစစ်ဆိုတဲ့ အရာကို နားလည်သဘောပေါက်သွားသတဲ့ကွယ်။ ဒါကြောင့်မို့ သူလုပ်ခဲ့သမျှ အမှားတွေအတွက် မောင်လူအေးကလေးကို တောင်းပန်စကားပြောပြီး မိတ်ဆွေသူငယ်ချင်းဖြစ်သွားသတဲ့ကွယ်။

သားတို့၊ သမီးတို့ရေ။ ဒီပုံပြင်လေးထဲမှာတော့ ဖိုးထွေးဟာ မောင်လူအေးဆိုတဲ့ မိတ်ဆွေစစ် သူငယ်ချင်းကောင်းတစ်ယောက်ရှိနေခဲ့တာမို့ ရေနစ်မြုပ်တော့မဲ့ ဘေးကနေ လွတ်မြောက်ခဲ့ရတာနော်။ ဒါကြောင့်မို့ သားတို့၊ သမီးတို့ကလဲ ဒီပုံပြင်ကလေးကို အတုယူပြီး တစ်ယောက်နဲ့တစ်ယောက် ခင်မင်ကြရာမှာ အခက်အခဲကြုံတိုင်း ကူညီနိုင်ဖို့ မိတ်ဆွေစစ်ဆိုတဲ့ သူငယ်ချင်းကောင်းကလေးတွေဖြစ်အောင် ကြိုးစားကြရမယ်နော်။

ကဲ...သားတို့၊ သမီးတို့ရေ။ ဒီတစ်ပတ်ပုံပြင်လေးကတော့ ဒီလောက်ပါပဲကွယ်။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

## မင်္ဂလာနံနက်ခင်း

- အရှေ့ရပ်က ရောင်နီဖြာ
  ငှက်တေး ကျည်ကျာကျာ။
- ပွင့်ပန်းမာလာ ရနံ့မွှေး
  ကြေးစည် သံချိုအေး။
- ကိုရင်လေးများ သပိတ်လွယ်
  ဆွမ်းခံကြွလာတယ်။
- လှူဒါန်းဖွယ်ရာ ဆွမ်း၊ ဆွမ်းဟင်း
  လောင်းလှူ မပျက်ယွင်း။
- ကုသိုလ်ပျိုးသင်း သာစုခြွေ
  ပို့သ မေတ္တာဝေ။
- သည်ကမ္ဘာမြေ အလေးထား
  ငြိမ်းချမ်းကြစေသား။ ။



**ကန်မြဲချစ်မင်းဝေ**

## အမှိုက်ကင်းစင် ပတ်ဝန်းကျင်

- မိမိနေရာ ပတ်ဝန်းကျင်
  အမှိုက်ကင်းစေချင်။
- ပတ်ဝန်းကျင်၏ သန့်ရှင်းမှု
  နေ့စဉ်ဂရုပြု။
- သန့်ရှင်းမှုတို့ ကင်းသည့်ခါ
  ကိုယ်စိတ်ညှိုးနွမ်းစွာ။
- "ကြွက်၊ ခြင်၊ ယင်"ဟာ အလွ
  ရောဂါတွေထူပြော။
- ရောဂါဘေးမှ ကင်းဝေးအော
  သန့်ရှင်းမှုရှက်ဆောင်။
- အမြဲကြံဆောင် သန့်ရှင်းကြ
  သာယာတဲ့လောက။ ။



**ချမ်းငြိမ်းဝင်း(မိုးညှင်း)**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၄၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၄၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ကောလင်းခရိုင်တွင် ဖူးစားပြောင်း ဧက ၁၈၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၇၁၆ ဧက၊ ဝန်းသိုမြို့နယ်တွင် ၄၆၂ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၂၅၄ ဧက စုစုပေါင်း ၁၄၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဖူးစားပြောင်း ဧက ၁၈၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၄၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် ကောလင်းခရိုင်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာသင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်းနှင့် ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ် ပိုးသတ်ဆေးပြုလုပ်အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ဖူးစားပြောင်းစိုက်ပျိုးရာတွင် ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဒေးဒရဲ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ငါးတန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ယခုနှစ် ဒေးဒရဲမြို့နယ်မှ ငါးတန်များ ဩဂုတ်လ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် နေ့စဉ်ငါးတန်ပိဿာချိန် ၃၅၀၀ မှ ၆၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ဘက်က ထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေတာပါ။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက်ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ငါးတန်တွေက အရင်ကထက် အထွက်နည်းနေပါတယ်။ ငါးတန်က အခုအချိန်မှာ အရောင်းအဝယ် အဖြစ်ဆုံးပါ။ အရောင်းအဝယ် ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်။ ဒေးဒရဲမြို့နယ်ဘက်က ထွက်တဲ့ငါးတန်တွေက အရည်အသွေးကောင်းမွန်ပါတယ်" ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးတန်များကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ငါးတန်တစ်ပိဿာလျှင်ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့

















## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ပရဟိတဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားခဲ့သော (ဘ) ဦးကိုကိုနိုင်၏သမီး မသော်တာလင်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁-၂၀၀၉ ဖြစ်ပါကြောင်း။

မသော်တာလင်း၊ ၂၃-၁-၂၀၀၉







သစ်တော
မှန်လျှင်
အသုံးဝင်
အစဉ်
ထာဝရ
ထိန်းသိမ်းကြ

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed–back Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111''




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့ လိုအပ်တယ်...

❖ ပြည်ထောင်စုစိတ်ဓာတ်ဟာ အတိတ်သမိုင်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ အရင်းခံဖြစ်ခဲ့သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော နှစ် ၈၀ ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၅၀၀၀၀ နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀

စာမျက်နှာ ၂၂ ကော်လံ ၁ ❍



## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန် - အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် ဩဂုတ် ၂၅ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area)ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



## အာဆီယံယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၃

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာဆီယံယူ-၁၆အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ)အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ပွဲစဉ်တွင် မြန်မာအသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြန်မာအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၆ မိနစ်တွင် ပင်မြင့်ယံက မြန်မာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် မြန်မာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအသင်းက နောက်ထပ်ဂိုးသွင်းခွင့်များရရှိခဲ့သကဲ့သို့ ကမ္ဘောဒီးယားအသင်းကလည်း ချေပဂိုးအတွက် ပြန်လည်ဖိအားပေး ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၅၅ မိနစ်တွင် ပင်မြင့်ယံ၊ ပွဲချိန် ၅၈ မိနစ်တွင် L L Sai Hwal Nan၊

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

စာမျက်နှာ- ၁၇

ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး

ဆောင်းပါး

စာမျက်နှာ- ၂၆